**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၁၁)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maris Sangiampongsa ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံအကြား ကလ်တာပေါင်းစုံဌ် ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maris Sangiampongsa ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maris Sangiampongsa ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေး **စာမျက်နှာ ၁၆ ကော်လံ ၁** ★




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်)

# တည်ငြိမ်အေးချမ်းသောပတ်ဝန်းကျင်ကောင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီပေါ်ပေါက်လာရခြင်းသည် အမျိုးသားနိုင်ငံရေးတာဝန်များဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသောတာဝန်များကို ထမ်းဆောင်ရန်ဖြစ်သည်။ တပ်မတော်သည် အမျိုးသားရေးတာဝန်များကိုအစဉ်တစိုက်ထမ်းဆောင်နေရင်း ပြည်သူတို့၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကြီးကို ဖောက်လုပ်ပေးခဲ့သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်လာသည့်အခါ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရွေးကောက်ပွဲသည် ပါတီစုံဒီမိုကရေစီစနစ်၏အသက်ပင်ဖြစ်သည်။ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်မှသာလျှင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်တွင်ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် မဲစာရင်းများ ကြီးမားစွာမှားယွင်းမှု၊ မဲမသမာမှု၊ ရွေးကောက်ပွဲတရားမဲ့ပြုကျင့်မှုများဖြစ်ပွားခဲ့သည်။ မဲစာရင်းမှားယွင်းမှုများကို ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် သတင်းစာရှင်းလင်းပွဲများပြုလုပ်၍ရှင်းလင်းခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန်တင်ပြတောင်းဆိုခြင်း၊ သတင်းထုတ်ပြန်ခြင်းများပြုလုပ်ခဲ့ကြသည်။ အမှန်တကယ်ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများနှင့်အဆင့်ဆင့်တင်ပြခဲ့သော်လည်း ထိုစဉ်ကတာဝန်ရှိသူအားလုံးကမျက်ကွယ်ပြုခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၈ သန်းခန့်ရှိရာ မဲမသမာမှုဖြစ်ကြောင်း စိစစ်တွေ့ရှိချက်သည် ၁၀ ဒသမ ၄ သန်းခန့်ရှိခဲ့သည်။ ထိုစဉ်ကသာ နိုင်ငံတော်နှင့်ပြည်သူကို အမှန်တကယ်ချစ်သည့်စိတ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလိုလားသည့်စိတ်၊ အမှန်တရားကိုလက်ခံသည့်စိတ်၊ ဒီမိုကရေစီစနစ်ကိုတန်ဖိုးထားသည့်စိတ်များရှိခဲ့လျှင် ဖြစ်ပေါ်လာသည့်ပြဿနာကိုပြေလည်အောင်ဖြေရှင်းပေးရမည်ဖြစ်သည်။ ထိုကဲ့သို့မှန်ကန်စွာဖြေရှင်းခြင်းမပြုသည့်အတွက် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းမှာ ပျက်ယွင်းတော့မည့်အခြေအနေနှင့်ကြုံလာသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီပေါ်ပေါက်လာရခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် (၇၇)နှစ်မြောက်ချင်းအမျိုးသားနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာတွင် **“ယခုကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ်ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကိုအမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကိုအမွေနည်းဖြင့် လိုချင်တပ်မက်သည့်ဆန္ဒကြောင့် သွေးထိုးလှုံ့ဆော်မှုများမှစတင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ကလည်း ဖြစ်ပေါ်လာသောမတည်ငြိမ်မှုကိုအခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသောဒေသများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါသည်”** ဟူ၍ဖော်ပြထားသည်။

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင်ဖြစ်သည်။ ထိခိုက်ဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏အရင်းအမြစ်နှင့် အခြေခံအဆောက်အဦများပင်ဖြစ်သည်။ တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်ရရှိနေသည့်အခြေအနေတွင် အကြမ်းဖက်လက်နက်ကိုင်တို့၏ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကိုလျော့ပါးစေသည်။ မူလအခြေအနေသို့ပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်ဖြစ်သည်။ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်မှထောက်ပံ့ငွေများချီးမြှင့်ပေးအပ်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကိုချမှတ်ထားပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးဟူသော အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါရည်မှန်းချက်များအောင်မြင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသောပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်။ ပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာများကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး စီးပွားရေးကောင်းမွန်ပါက နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့်ကဏ္ဍအသီးသီးပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ ထို့အတူ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းသောပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# MSME ချေးငွေများလျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပဂ္ဂလိကဘဏ် (၁၆)ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၃ %၊ Working Capital (၁၀၀%) အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance– CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၅ % တို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေ နည်းဥပဒေ ရှင်းလင်းပွဲကျင်းပ

ဟိုပုံး ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ သိရှိနားလည်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ပံ့ပိုးကူညီဆောင်ရွက်နိုင်စေရန်၊ လူမှုကွန်ရက်မီဒီယာများနှင့် တရားမဝင်သတင်းဌာနများက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ သတင်းမှားများကို အယုံလွယ်လမ်းမှားမရောက်ရှိစေရေး၊ တရားဝင်သတင်းဌာနများ၏ ထုတ်ပြန်ချက်များကိုသာလေ့လာနိုင်ရေး အသိပညာပေးဆောင်ရွက်ရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှကင်းလွတ်ခွင့်ရမည့်သူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ယာယီရွှေ့ဆိုင်းခွင့်ရနိုင်သူများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ရရှိနိုင်မည့်အခွင့်အရေးများ၊ စစ်မှုထမ်းဆောင်ခြင်းကိုရှောင်လွှဲပါက ကျခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ သိကောင်းစရာများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့၏ ဆောင်ရွက်နေမှုများ၊ အရွယ်ရောက်သူ နိုင်ငံသားအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် အမျိုးသားစစ်မှုထမ်းစနစ်တွင် ပါဝင်ထမ်းဆောင်ကြရန်နှင့် အားပေးကူညီပံ့ပိုးပေးကြရန် ပြည်သူများအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရှင်းလင်းပွဲတက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြောကြားကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၃-၂-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ | ၃။ | ၁၃:၃၀ Music Crazy |
| ၂။ | ၁၀:၄၀ နိပါတ်တော်လာ သိမှတ်စရာ | ၄။ | ၁၄:၅၅ Sporty Zone |
| | | ၅။ | ၁၈:၂၀ Relaxing Moment |
| | | ၆။ | ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း |

မြဝတီ ခေတ်စမ်း
Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိပွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းမကွက်၊ ပုဇွန်ဒိုရိုမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၀၁၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဇွန်လ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ (တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ဂုဝ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဂုဝ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၈ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၆ ဒီဂရီဖာရင်ဟိုက်မှ ၅၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၀ ရာခိုင်နှုန်းမှ ၆၁ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၂ ရာခိုင်နှုန်း မှ ၇၂ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၈ မိလီမီတာမှ ၃၈ မိလီမီတာအတွင်း၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၃၉ မိလီမီတာ မှ ၄၉ မိလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၅၀ မိလီမီတာမှ ၆၀ မိလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေအသီးသီးရှိနိုင်သည်။

**(မိုး/ဧလ)**

# ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာ၌ သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**ပူတာအို ဖေဖော်ဝါရီ ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် ပူတာအိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှကြီးမှူး၍ ဒေသထွက်သီးနှံများဖြင့် ကျန်းမာရေးနှင့်ညီညွတ်သောတန်ဖိုးမြှင့်စားသောက်ကုန်များထွက်ပေါ်လာစေရန်နှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်သည့်နည်းပညာများ ပြန့်ပွားလာခြင်းဖြင့် စိုက်ပျိုးတောင်သူနှင့်စားသောက်ကုန်လုပ်ငန်းရှင်များ ဝင်ငွေတိုးပွား၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၁ ရက်က ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။


အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးက ဓာတုဗေဒ တာရှည်ခံဆေးများမှန်ကန်စွာအသုံးပြုပုံနှင့် မှားယွင်းအသုံးပြုခြင်းကြောင့် စားသုံးသူများ ဘေးအန္တရာယ်ဖြစ်စေနိုင်ပုံတို့ကို သင်ကြားပေးပြီး သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိသည့် အသိပညာများနှင့် နည်းပညာများကိုပေါင်းစပ်၍ မိမိအတွက် သာမက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် သင်တန်းသူများ လုပ်ငန်းထူထောင်လုပ်ကိုင်နိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်က သင်တန်းထွက်ကုန်ချောပစ္စည်းများကို သင်တန်းသူတစ်ဦးထံ ပေးအပ်သည်။ ထို့နောက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ယွန်းမိမိထွန်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးထံပေးအပ်သည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ရပ်မိစာပေနှင့်ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူများက သင်တန်းထွက်ကုန်ချောပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုကြသည်။

အဆိုပါသင်တန်းတွင် ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာမှ သင်တန်းသူစုစုပေါင်း ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ဒေသထွက်သီးနှံများဖြင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းများကို သင်တန်းနည်းပြများက ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၁ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## မြဝတီ ကာတွန်း




## အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၂၆) ဘောလုံးပွဲ ရလဒ်များ

| | | |
|---|---|---|
| လက်စတာ | ၀ - ၄ | ဘရန်ဖို့ |
| အဲဗာတန် | ၂ - ၂ | မန်ယူ |
| အာဆင်နယ် | ၀ - ၁ | ဝက်စ်ဟမ်း |
| ဘုန်းမောက် | ၀ - ၁ | ဝုလ်ဗ် |
| ဖူဟမ် | ၀ - ၂ | ပဲလေ့ |
| အစ်ဆွစ် | ၁ - ၄ | စပါး |
| ဆောက်သမ်တန် | ၀ - ၄ | ဘရိုက်တန် |

## ထူးခြားသည့်ညအပူချိန်များ

၂၂-၂-၂၀၂၅

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | လွိုင်လင် | ၈ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် | မိုင်းယန်း | ၈ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| | | | | | တီးတိန် | ၈ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | ပင်လောင်း | ၈ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ပူတာအို | ၈ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

တစ်နေ့သဌ္ဌ ကျွန်ုပ်၏လက်မမှ သွေးဖောက်ယူသွားခြင်းကို သိလိုက်သော်လည်း ဘာလုပ်မည်မသိသဖြင့် အမှတ်မဲ့နေလိုက်မိရာ သူငယ်ချင်း မောင်ရီ (ထိုစဉ်ကမြို့အုပ်ဖြစ်နေသည်။) ရောက်လာမှသိရတော့သည်။ မောင်ရီသည် လူနာမေးရန်ရောက်လာ၍ ကျွန်ုပ်၏ခုတင်အနီးတွင် ကပ်လျက်ထိုင်နေရာမှ ခေါင်းရင်းတွင်ချိတ်ထားသောစာရွက်ကို မြင်သည်နှင့် ထ၍ကြည့်၏။ တစ်ဖန်ပြန်၍ထိုင်သောအခါ၌မူ ကုလားထိုင်ကို ခပ်လှမ်းလှမ်းသို့ရွှေ့ပြီးမှထိုင်၏။ ကျွန်ုပ်သည် သူ၏အပြုအမူကို သတိပြုလိုက်မိသော်လည်း ဘာမျှမမေးဘဲနေပြီး သူပြန်သွားသောအခါမှ ချိတ်ထားသော စာရွက်ကို ထ၍ကြည့်ရာ အင်္ဂလိပ်ဘာသာဖြင့် ဤသို့ရေးထားသည်ကို တွေ့ရ၏။ (Malaria Parasites Of Malignant Type) အသက်အန္တရာယ်ပြုတတ်သည့် ငှက်ဖျားပိုးမျိုးတွေ့ရသည်ဆိုခြင်းပင်ဖြစ်သည်။ လက္ခဏာမှာ ငှက်ဖျားပိုးအမျိုးမျိုးရှိသည့်အနက် ကျွန်ုပ်၏သွေးဥ၌တွေ့ရသောပိုးမျိုးမှာ အထူးဆိုးရွားသည်ဆိုခြင်းပင်ဖြစ်သည်။ ဤတွင်မှ သူငယ်ချင်း မောင်ရီရွှေ့ထိုင်လိုက်သောအပြုအမူကို ကျွန်ုပ်နားလည်တော့သည်။ ထိုအခါမှ ကျွန်ုပ်၏အဖျားမှာ ငှက်ဖျားဖြစ်ကြောင်း ကျွန်ုပ်သိ၍ ဆည်ကြီးသို့သွားစဉ်က ခြင်ကိုက်ခံခဲ့ခြင်းကြောင့်ဖြစ်ကြောင်းကိုလည်း ကျွန်ုပ် စဉ်းစားမိသည်။ တခြားတစ်ချက်မှာလည်း ပြင်းထန်သောအမျိုးအစားဟုဆိုထားပြန်သဖြင့် သေချင်သေနိုင်သည်ဟု ကျွန်ုပ်သိရခြင်းပင်ဖြစ်သည်။ ယခင်ကမူ တက်ပြီးသတိလစ်ဖူးသော်လည်း အနီးရှိလူများကသာသေမည်လောထင်ကြသည်။ ကျွန်ုပ်ကမူ သတိရသောအခါ၌ သေတတ်သည်၊ သေနိုင်သည်ဟူ၍ တစ်ခါမျှမစဉ်းစားမိဘဲ ခပ်ပေါ့ပေါ့သာနေခဲ့ပါသည်။ ထို့ကြောင့်များ အသက်ချမ်းသာရာရလေသလောမပြော တတ်ပေ။ ယင်းစာကိုဖတ်ရသောအခါမှစ၍ ကိုယ့်ကိုယ်ကိုယ်တော်တော်လေးလေးစားစားလုပ်၍ နေလာပါတော့သည်။ သို့ရာတွင် နဂိုကတည်းက ခပ်ပေါ့ပေါ့လူစားမျိုးဖြစ်၍ ကြာရှည်မခံလှပါ။

**"အံ့သြလျက်ရှိသော မိဘများကို နှစ်သိမ့်စေရန် သင့်တော်အောင်ပြော၍ လက်ဖက်ရည်ကြမ်းတစ်ကရား ဝဝကြီးသောက်ပြီးနောက် ကျွန်ုပ်သည် ဓာတ်ရထားနှင့်ပင် ဆေးရုံကြီးသို့ပြန်သွား၍ ချောမောစွာရောက်ပါ၏။ လမ်းခရီး၌သာ ချောမောပါသည်။ မေထရွန် ဗိုလ်မကြီးနှင့်မူကား အကြီးအကျယ်ပင်မချောမောပါ။ ကျွန်ုပ်ထွက်သွားသည်မှာ စုစုပေါင်း တစ်နာရီခွဲခန့် ကြာလိမ့်မည်ဖြစ်ရာ ထိုအတောအတွင်း၌ ဗိုလ်မကြီးသည် ခဏခဏလာ၍မေးသည်ဟု ကပြားလေးများက ပြောကြ၏။. . ."**

ထပ်မှဆင်းလာ၍ ဆေးရုံရှေ့၌ဆိုက်သော ဓာတ်ရထားပေါ်သို့တက်လေ၏။ (ထိုစဉ်က ဓာတ်ရထားရှိသည်။) ဓာတ်ရထားပေါ်မှ လက်မှတ်ရောင်းသူနှင့် ခရီးသည်များသည် ဆေးရုံလူနာအဝတ်အစားနှင့်တက်လာသောကျွန်ုပ်အားမြင်ကြ၍ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြ၏။ ကျွန်ုပ်ကမူ မမြင်ဟန်ပြု၍ ထိုင်လိုက်လာ၏။ ဈေးချိုအနီး ဘီလမ်း (ထိုစဉ်က ချစ်တီးတန်းခေါ်သည်) သို့ ရောက်သောအခါ ဓာတ်ရထားပေါ်မှဆင်းပြီး ဆိတ်သားကင်နှင့် ကြက်သားကင် တစ်မတ်ဖိုးစီဝယ်၏။ ထိုနေရာ၌စားသော် ညှော်စော်နံလိမ့်မည်ဆိုကာ မိဘများတည်းခိုသည့် ဆေးရိုးဝင်းအိမ်သို့ယူသွားပြီး အားလုံးပြောင်အောင် ထိုင်၍စားလိုက်သည်။ စားပြီးသည်နောက် ဆန့်ငင်ဆန့်ငင်နှင့်သေသွားလျှင်လည်း ကျွန်ုပ် နောင်တရလိမ့်မည်မဟုတ်၊ အသေခံဖို့ အသင့်ပြင်ပြီးဖြစ်၏။ ဤအပြုအမူမျိုး သုံးကြိမ်ထက်မနည်း ကျွန်ုပ်၏တစ်သက်တာ၌ လုပ်ခဲ့ဖူးသည်။

**ဒူးထောက် တောင်းပန်ရခြင်း**

အံ့သြလျက်ရှိသော မိဘများကို နှစ်သိမ့်စေရန် သင့်တော်အောင်ပြော၍ လက်ဖက်ရည်ကြမ်းတစ်ကရား ဝဝကြီးသောက်ပြီးနောက် ကျွန်ုပ်သည် ဓာတ်ရထားနှင့်ပင် ဆေးရုံကြီးသို့ပြန်သွား၍ ချောမောစွာရောက်ပါ၏။ လမ်းခရီး၌သာ ချောမောပါသည်။ မေထရွန် ဗိုလ်မကြီးနှင့်မူကား အကြီးအကျယ်ပင် မချောမောပါ။ ကျွန်ုပ်ထွက်သွားသည်မှာ စုစုပေါင်း တစ်နာရီခွဲခန့် ကြာလိမ့်မည်ဖြစ်ရာ ထိုအတောအတွင်း၌ ဗိုလ်မကြီးသည် ခဏခဏလာ၍မေးသည်ဟု ကပြားလေးများက ပြောကြ၏။ ကျွန်ုပ်မူကား အဆူခံဖို့ပြင်ပြီးဖြစ်သောကြောင့် အလွန်အမင်းမတုန်လှုပ်လှချေ။ သို့သော် ကျွန်ုပ်သည် ဤဗိုလ်မကြီး၏အကြောင်းကို အစကသိခဲ့ပါမူကား ထွက်ကောင်းမှ ထွက်ဝံ့မည်ထင်သည်။ ဆူလိုက်ပုံကား ပွက်ပွက်ရိုက်သွားတော့၏။ အင်္ဂလိပ်စကားလုံးရိုင်းရိုင်းအခေါ်ရှိသမျှ၊ ဆိုးမိုက်ညံ့ဖျင်းသောအပြုအမူနှင့်ပတ်သက်သမျှ ကုန်ခဲ့ပါလေပြီ။ ပထမ၌ ကျွန်ုပ်သည် 'နားပြင်အိတ်မရှိဘူး' ဟု သဘောထားကာ ဆူချင်တိုင်း ဆူသည်များကို မထီတရီလုပ်နေ၏။ ဗိုလ်မကြီးသည် ကျွန်ုပ်၏ခပ်အေးအေးလုပ်နေသောအမူအရာကိုမြင်သည်တွင် သာ၍ဆူလာပြီးလျှင် နာမည်ရိုင်းများခေါ်ရုံနှင့်မပြီးတော့ဘဲ ဆရာဝန်ကြီးကို တိုင်ရမည်။ ထိုမှတစ်ဆင့် ကျွန်ုပ်၏အလုပ်ဌာနမင်းကြီးသို့လည်းကောင်း၊ ဝန်ကြီးသို့လည်းကောင်း တိုင်ရမည် စသည်များဖြင့် ဆက်လက်ဆူပူလာလေတော့သည်။ အမှန်မှာ ကျွန်ုပ်သည် ရာထူးကိုဂရုစိုက်သူတစ်ယောက်မဟုတ်သောကြောင့် ဌာနဘက်ဆိုင်ရာမင်းကြီးများကို တိုင်တန်းမည်ဆိုခြင်းအတွက် တုန်လှုပ်ခြင်းမရှိလှသော်လည်း ဤမိန်းမကြီးဆူပူခြင်းကို နားငြီးလာပြီဖြစ်၍ မည်ကဲ့သို့ပြုရမည်ကို စဉ်းစား၏။ ကျွန်ုပ်သည် အကြံတစ်ခုရသည်နှင့် ဗိုလ်မကြီးအား လှမ်းကြည့်လိုက်ရာ အနည်းဆုံး မိခင်အရွယ်ရှိနေခြင်းကိုတွေ့ရ၍ အိပ်ရာပေါ်တွင် မထီတရီထိုင်နေရာမှ ထပြီးလျှင် သူ့ရှေ့တွင် ဒူးထောက်လျက် "ကျွန်တော်မှားပါတယ်အမေ၊ ဒီအတွက် ကျွန်တော်ဝမ်းနည်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာအရ အနှိမ့်ချဆုံးဖြစ်တဲ့နည်းနဲ့ ကျွန်တော်ဝန်ချတောင်းပန်ပါတယ်အမေ"ဟုဆိုကာ လက်အုပ်ချီလျက် တကယ့်စေတနာနှင့် ဝတ်ချလိုက်လေ၏။ ဗိုလ်မကြီးသည် ကျွန်ုပ်၏ ရိုးသားပုံရသောအပြုအမူကိုမြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် သူ၏ပါးစပ်မှ ရေရွတ်ဆူပူခြင်းများမှာ မီးကို ရေဖြင့်ငြိမ်းသတ်လိုက်သည့်နယ် ချက်ချင်းရပ်သွား၍ ကျွန်ုပ်၏မျက်နှာကိုစေ့စေ့ကြည့်ရင်း အမျက်ဒေါသပြေပျောက်သည့်လက္ခဏာနှင့် မဆိုစလောက်လေးပြုံးလာလျက် 'That will do (တော်လောက်ပါပြီ)' ဆိုကာ ထွက်သွားလေ၏။ ကပြားလေးများသည် အံ့သြသောအမူအရာနှင့် ကျွန်ုပ်အားကြည့်လျက်ရှိကြရာမှ တစ်ယောက်က 'That fellow is wise (ဒီကောင် တော်တော်ပညာရှိတယ်)' ဟု သူတို့အချင်းချင်းပြောလေတော့သည်။ (သူတို့၏စိတ်ထားကို ကျွန်ုပ်ဆင်ခြင်လိုက်သည့်အခါတွင် 'ပွဲကောင်းတစ်ခု လက်လွတ်သွားသည်'ဟု အောက်မေ့ကြပုံရသည်။)

**ခေတ္တစိတ်ဖောက်ပြန်ခြင်း**

တစ်လနီးပါးဆေးရုံတက်၍ ကျန်းမာလာသဖြင့် ဆင်းလာသောအခါ ကျွန်ုပ်မှာ (အထက်ပိုင်းတွင် အနည်းငယ်ရေးသားဖော်ပြခဲ့သည့်အတိုင်း) 'ဘဝင်မြင့်' သည့် ချွတ်ယွင်းချက်တစ်ခု ကျန်ရစ်ခဲ့ပါသည်။ သို့ရာတွင် ဤအကြောင်းကို (ဘဝင်မြင့်သူတို့၏ထုံးစံအတိုင်း) ကိုယ့်ဟာကိုယ် သိသည်မဟုတ်။ ပျောက်သွားသောအခါမှ ဆင်ခြင်ခြင်းအားဖြင့် သိရခြင်းဖြစ်ပါသည်။ ထိုစဉ်အခါနှင့်ပတ်သက်၍ ရယ်စရာလေးများဖြစ်ရပုံကို ဖော်ပြလိုပါသေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

# မင်းလှမြို့နယ်၌ (၄၅) ကြိမ်မြောက် ဝိနယာဓိက ဆုနှင်းသဘင်အောင်လက်မှတ်နှင့် စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲကျင်းပ

မင်းလှ ဖေဖော်ဝါရီ ၂၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ ကျောင်းထိုင်ဆရာတော်ကြီးများ ဦးစီးကျင်းပသော(၄၅)ကြိမ်မြောက် ဝိနယာဓိက စာမေးပွဲအောင်မြင်တော်မူသော သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၁ ရက်က မင်းလှမြို့ မြို့မရပ်ကွက် ရွှေဘုန်းသာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များနှင့်ဧည့်ပရိသတ်တို့က နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဘုရားခြောက်ဆူကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ရတနာသီရိသံဖြူကျောင်းတိုက်ဆရာတော်ထံမှ သြဝါဒကထာနာယူကြသည်။

ယင်းနောက် (၄၅) ကြိမ်မြောက် ဝိနယာဓိက စာမေးပွဲအောင်မြင်တော်မူသော သံဃာတော်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များ၊ ရွှေဘုန်းသာဘုရားဂေါပက အဖွဲ့ဝင်များက အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ (၄၅) ကြိမ်မြောက် ဝိနယာဓိက စာမေးပွဲအောင်မြင်တော်မူသော သံဃာတော်များတွင် မူလတန်းအဆင့် ၃၅ ပါး၊ ပထမအဆင့် ၁၄ ပါး၊ ဒုတိယအဆင့်ခြောက်ပါး၊ တတိယအဆင့်သုံးပါး၊ စတုတ္ထအဆင့် သုံးပါး စုစုပေါင်း ၆၁ ပါးရှိကြောင်း သိရသည်။

**ဇော်ဇော(အထက်မင်းလှ)**




# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုံးပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ထိုင်းဘုရင့်တပ်မတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Songwit Noonpackdee အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ထိုင်းဘုရင့်တပ်မတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Songwit Noonpackdee ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်း လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ကဏ္ဍပေါင်းစုံ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် အပူစွမ်းအင်သုံးစီမံကိန်းများတွင် ရုရှားကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးဦးအေးကျော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံအချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလ ကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ်ကြုံတွေ့ရလေ့ရှိကြောင်း၊ ယင်းဖြစ်စဉ်သည် ထုတ်လွှင့်သည့်ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO(စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကိုအသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ်လ ၇ ရက်မှ ၁၇ ရက်အထိ နေ့စဉ် ၁ မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈˚c | / | ၃၆˚c |
| ရန်ကုန် | ၁၉˚c | / | ၃၇˚c |
| မန္တလေး | ၁၉˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်လာရောက်





နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်လာရောက်ခဲ့သည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဂါရဝပြုတွေ့ဆုံခဲ့ပြီး မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသန်းဆွေနှင့်တွေ့ဆုံကာ မြန်မာ-ထိုင်း နှစ်နိုင်ငံဆွေးနွေးပွဲကို Jasmine Nay Pyi Taw Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဂါရဝပြုတွေ့ဆုံခဲ့ပြီး မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသန်းဆွေနှင့်တွေ့ဆုံကာ မြန်မာ-ထိုင်း နှစ်နိုင်ငံဆွေးနွေးပွဲကို Jasmine Nay Pyi Taw Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံ ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာရေးနှင့် ကဏ္ဍာစုံပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်ရေး၊ အထူးသဖြင့် တရားမဝင်နယ်စပ်ကုန်သွယ်ရေး၊ တရားမဝင်မူးယစ်ဆေးဝါးနှင့်လက်နက်ကောင်းဝယ်မှု၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုစသည့် တရားမဝင်လုပ်ငန်းများတိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပါအဝင် မြန်မာနိုင်ငံ၏လက်ရှိဖြစ်ပေါ်နေသော တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ညနေပိုင်းတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည်နေပြည်တော်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကို သွားရောက်ဖူးမြော်ကြပြီး ညပိုင်းတွင် ထိုင်းကိုယ်စားလှယ်အဖွဲ့ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အလုပ်သဘောညစာစားပွဲဖြင့် ခရီးစဉ်အတွင်း ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကို သွားရောက်ဖူးမြော်ကြပြီး ညပိုင်းတွင် ထိုင်းကိုယ်စားလှယ်အဖွဲ့ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အလုပ်သဘောညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ဟားခါးမြို့ရှိ ဝန်ထမ်းများနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဖေဖော်ဝါရီလ ၂၀ ရက် ညနေပိုင်းက (၇၇) နှစ်မြောက်ချင်းအမျိုးသားနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်းတွင် ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တစ်ဦးချင်းအခက်အခဲများကို မေးမြန်းကာ လုံခြုံရေးအသိဖြင့် သွားလာကြရန်၊ မိမိတို့ဝန်ထမ်းဘဝတိုးတက်ရေးအတွက် ကိုယ်စီကြိုးစားအားထုတ်ကြရန် တိုက်တွန်းမှာကြားပြီး ဦးစီးဌာနအလိုက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ကလေးမြို့ရှိ ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

**၂၂-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး** (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၅၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီနှင့် သာသနာ/အသင်းတော်ခေါင်းဆောင်များ တွေ့ဆုံဆုတောင်းခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေး အထောက်အကူပြုဗဟိုကော်မတီနှင့် သာသနာ/ အသင်းတော်ခေါင်းဆောင်များ တွေ့ဆုံဆုတောင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ စိန့်ဂျိုးဇက် ကက်သလစ်ဘုရားကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့မှ ခရစ်ယာန်အသင်းတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သိကၡာတော်ရဆရာတော် စောရွှေဝုံးနှင့် မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး သိကၡာတော်ရ ဆရာတော် စောချစ်မျိုးတို့က မိတ်ဆက်ဆုတောင်းစကားများ ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့် တက်ရောက်လာကြသူများသည် "အိုသာယာသော မြန်မာပြည်တော်" ဓမ္မသီချင်းကို အတူတကွသီဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို သိရှိစေလိုကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် နိုင်ငံတော်အစိုးရ၏ စေတနာကိုသိရှိနားလည်ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းစည်းလုံးလုံးငြိမ်းငြိမ်းချမ်းချမ်း နေထိုင်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ တိုင်းဒေသကြီးအတွင်းရှိ ခရစ်ယာန်ဘာသာဝင်များအနေဖြင့် မိမိတို့ဘာသာ၊ သာသနာအကျိုးကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီဖော်ဆောင်နိုင်ပြီး နိုင်ငံ့သားကောင်းပီသစွာ တိုင်းပြည်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး စိန့်ဂျိုးဇက် ကက်သလစ်ဘုရားကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဘုရားကျောင်းတာဝန်ရှိသူ တစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်



နေပြည်တော် ဖေဖော်ဝါရီ ၂၂
ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စေတီတော်မြတ်ကြီး၏ တပေါင်းကွင်းအတွင်း၌ မတ်လ ၇ ရက်မှ ၁၃ ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ရေကျော်ဂီတဖျော်ဖြေရေးအဖွဲ့၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဖျော်ဖြေရေးအဖွဲ့၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဖျော်ဖြေရေးအဖွဲ့နှင့် မြဝတီရုပ်မြင်သံကြားဖျော်ဖြေရေးအဖွဲ့တို့က အလှည့်ကျဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများအနေဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တပေါင်းပွဲတော်ကြီးအား ပါဝင်ဆင်နွှဲနိုင်ကြောင်း ဂေါပကအဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။ (၅၀၀)

# ဘုတ်ပြင်းမြို့ ရွှေဘုန်းပွင့်စေတီတော်၌ သန့်ရှင်းရေးဆောင်ရွက်

ဘုတ်ပြင်း ဖေဖော်ဝါရီ ၂၂

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ ရွှေဘုံသာရပ်ကွက်ရှိ ရွှေဘုန်းပွင့်စေတီတော်၌ ဖေဖော်ဝါရီလ ၂၂ ရက် နံနက်ပိုင်းတွင် စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘုတ်ပြင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ဘုရားရင်ပြင်နှင့်ဓမ္မာရုံတို့တွင်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဘုရားပန်းအိုးများ ဆေးကြောသန့်စင်ခြင်း၊ စောင်းတန်းနှင့် တောင်ပတ်လမ်းတို့တွင် သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်၌ နေကြာ ၅၀၅၀ ဧကအထိ ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံရာသီတွင် စိုက်ပျိုးသည့် နေကြာသီးနှံ ၅၆၅၆ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၁၆၀၅၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါနေကြာသီးနှံစိုက်ခင်းများကို ဒေသခံတောင်သူများက ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့အထိ နေကြာ ၅၆၅၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“သီးနှံအထွက်နှုန်းအနေနဲ့ တစ်ဧကကို ၁၈ ဒသမ ၃၄ တင်း ထွက်ရှိပါတယ်။ ဆောင်းနေကြာသီးနှံ ရိတ်သိမ်းခြွေလှေ့ခြင်းနဲ့ပတ်သက်ပြီး သီးနှံအထွက်နှုန်းတွေ လျော့နည်းမှုမဖြစ်အောင်၊ တောင်သူတွေကို အချိန်မီသီးနှံရိတ်သိမ်းနည်းပညာနဲ့ရိတ်သိမ်းပြီးတဲ့ နေကြာများကို အရည်အသွေးကောင်းမွန်အောင် စနစ်တကျထားသိုသိမ်းဆည်းနည်းစနစ်များကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးပါတယ်” ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်နေကြာ ၁၂၈၀၅ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၁၆၀၅၉ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နေကြာစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံအထွက်နှုန်းတိုးတက်အောင် စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးအတွက် တောင်သူအသိပညာပေးခြင်းများကို ဆောင်ရွက်ပေးသည်။

နေကြာသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားကာ တောင်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နေကြာသီးနှံအပါအဝင် အခြားသောဆီထွက်သီးနှံများကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

**လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိသွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## ချစ်သူ့ခေါ်ရာ

* အချစ်ရယ် ဘယ်မငြင်းလေနဲ့
လယ်ခင်းရှင် တွင်တွင်ခေါ်ခိုက်
သွားစို့နော် နှစ်ကိုယ်တည်းသာပေါ့
အို . . . ခွဲဖို့ကြဲနဲ့ကွယ်။
* အမိအဖတွေက
ပြည့်ဝတယ် မဆိုသာလည်း
သူတို့ယာ သူတို့တောမှာဖြင့်
စားစရာ သီးနှံပေါတဲ့ပြင်
သာမောဖွယ် လယ်ကန်သင်းမှာလည်း
ငုံမာလာ ထုံစွာသင်းလေတော့
ချောင်းရေမှာ လှေတစ်စင်းရယ်နဲ့
မင်းပျော်လိမ့်မယ်။
* စခန်းအသစ်မှာတဲ့
ပန်းချစ်ဆွေ ဆံယဉ်နွယ်၌
ပန်ချင်တယ် ပူဆာတမ်းရင်ဖြင့်
“ပန်းစံပယ် မပေါ်ခိုက်ပေမယ့်
အလိုက်တော် တန်သင့်ရုံပ
ခံပွင့်ကို ခင်မသုံးရပါဘူး”
ယဉ်မဆုံး အခိုင်ခိုင်နဲ့
တလိုင်လိုင် ကြူကြူသင်းပါဘိ
ဖြူဝင်းတဲ့ တောစံပယ်
တောအလယ်မှာဖြင့် ကြာရှည်မွေး
ချောတစ်မယ် ကညာအတွက် ရာသီမရွေး။
* သွားစို့ကွယ်နော်
မြို့ရပ်မှာ နေမပျော်တဲ့
ခရီးဖော် မောင့်လည်ဆွဲကိုဖြင့်
အပြီးခေါ် စောင့်ကြိုတွဲချင်ရဲ့
ရင်ထဲမှာ အကြင်နာ
မျက်ဝန်းမှာ မျှော်လင့်ခြင်း
လက်တွင်းမှာ သစ္စာပန်းတွေနဲ့
မေတ္တာလမ်း အတူပိုင်တော့
ဘယ်သူပြိုင် လှနိုင်ဦးမှာလဲ
အပြုံးသရဖူနဲ့
စံပယ်ဖြူ အမူနဲ့ရယ်
လိုက်ခဲ့တော့လေး။ ။

မြင်းမူမောင်နိုင်မိုး

# မြန်မာ့သနပ်ခါးနှင့် ကျန်းမာရေးအကျိုးကျေးဇူးများ

ပေါက်ပေါက်



မြန်မာ့သနပ်ခါးကို အစောဆုံး အေဒီ ၅ ရာစုခန့် ပုဂံခေတ်က စတင်အသုံးပြုခဲ့ကြကြောင်း နံရံပန်းချီအထောက်အထားများအရ လေ့လာသိရှိရသည်။ ထိုမှ ဆက်တိုက် ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်မှသည် ယနေ့မျက်မှောက်ခေတ်ထိခေတ်အဆက်ဆက် သုံးစွဲလာကြသည်။ သနပ်ခါးလိမ်းသည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို အမျိုးသား၊ အမျိုးသမီးမခွဲဘဲ နှစ်ခြိုက်စွာ အသုံးပြုကြသည်။

**ဒြပ်မဲ့ယဉ်ကျေးမှု**

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (The Representative List of The Intangible Cultural Heritage of Humanity)တွင် စာရင်းဝင်နိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကြိုးပမ်းလျက်ရှိသည်။ လက်ရှိတွင် သနပ်ခါးကို ကျောက်ပျဉ်နှင့်သွေးပြီး လိမ်းရသည့် ဓလေ့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုသို့ဝင်ရောက်နိုင်ရေး ကြိုးပမ်းမှုမတိုင်ခင်က မြန်မာ့ရိုးရာအတာသင်္ကြန် ပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၇ ရက်အထိ ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ကျင်းပသည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ညီလာခံတွင် ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်သည် မြန်မာနိုင်ငံ၏ ပထမဆုံး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်လာသကဲ့သို့ မြန်မာ့သနပ်ခါးသည်လည်း ဒုတိယမြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်လာစေရေး ဆက်လက်ကြိုးပမ်းနေခြင်းဖြစ်သည်။

**မာကျူရီကင်းသော မြန်မာ့သနပ်ခါး**

အလှကုန်ပစ္စည်းအများစုကို Mercury၊ Hydroquinone၊ Betamethasone 17 Valerate စသည့် တားမြစ်ဓာတုဆေးဝါးများဖြင့် ပြုပြင်ဖော်စပ်ထားခြင်းဖြစ်သည်။ သုံးစွဲသူများကို ဘေးဥပဒ်ဖြစ်စေသော အသားဖြူခရင်မ်များအစား ရှေးထုံးမပျက် မြန်မာ့ရိုးရာသနပ်ခါးကို ကိုယ်တိုင်သွေးလိမ်းပြီး အလှဆင်သင့်သည်။ ထိုင်းနိုင်ငံရှိ သုတေသီများက သနပ်ခါးအခေါက်တွင်ပါရှိသော ဓာတ်ပစ္စည်းများကို အသေးစိတ်လေ့လာကြရာ သနပ်ခါးမှာ Antioxidant (ခေါ်) ခန္ဓာကိုယ်အကျိုးပြု ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးပါရှိနေသည့်အပြင် အသားအရေရောင်ရမ်းခြင်းကို သက်သာစေသော ဓာတ်ပစ္စည်းများ၊ ဗက်တီးရီးယားများကို သေစေသောဓာတ်များနှင့် အရေပြားအရောင်ကို ပြောင်းလဲစေသော ဟော်မုန်းထွက်ရှိမှုကို ဟန့်တားပေးနိုင်သည့် ဓာတ်ပစ္စည်းများ သဘာဝအလျောက် ပါရှိနေကြောင်း လေ့လာတွေ့ရှိထားကြသည်။ သနပ်ခါးသည် နေပူဒဏ်၊ နေလောင်ခြင်းဖြစ်စေသည့် အဆင့်မြင့်ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ကြောင်း အရေပြားအထူးကုဆရာဝန်ကြီးများကလည်း အကြံပြုထားကြသည်။

**အလားအလာကောင်းသော မြန်မာ့သနပ်ခါး**

မြန်မာ့သနပ်ခါးကို အသင့်လိမ်း၍ရသည့်အဆင့်ထိ အချောထည်ထုတ်လုပ်ကာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့သို့တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။ လက်ရှိတွင် မြန်မာ့သနပ်ခါးသည် ပြည်တွင်းဈေးကွက်၌ ရောင်းအားပုံမှန်ရှိပြီး ပြည်ပဈေးကွက်အနေဖြင့် အကြမ်းထည်အဖြစ် တင်ပို့၍မရသည့်အတွက် လိမ်း၍ရသည့်အဆင့်ထိ အချောထည်ထုတ်လုပ်ကာ ခရင်မ်ပုံစံမျိုး ပြုလုပ်ပြီး တင်ပို့ရမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ သနပ်ခါးကို မြန်မာနိုင်ငံအလယ်ပိုင်း အရာတော်၊ မုံရွာ၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက် စသည့်မြို့နယ်များတွင် အများဆုံးစိုက်ပျိုးပြီး ခန့်မှန်းစိုက်ဧက သုံးသိန်းခန့်ရှိကြောင်းနှင့် သနပ်ခါးပင်များသည် ခြောက်နှစ်မှ ခုနစ်နှစ်အတွင်း ဈေးကွက်သို့ စတင်ဝင်ရောက်ပြီး သားတက်သနပ်ခါးများကို အပင်သက်တမ်းငါးနှစ်မှ ခြောက်နှစ်အတွင်း စတင်ရောင်းချနိုင်ကာ အရည်အသွေးအကောင်းဆုံးသနပ်ခါးပင်တစ်ပင်ရရှိရန် သက်တမ်း ၃၅ နှစ်ကြာမြင့်ကြောင်း လေ့လာသိရှိရသည်။

**သနပ်ခါး၏ ဆေးဖက်ဝင် အသုံးပြုပုံများ**

မြန်မာလူမျိုးများသည် သနပ်ခါးကို အလှအပအတွက် အသုံးပြုသည့်အပြင် ဆေးဖက်ဝင်သည့် အာနိသင်ဂုဏ်သတ္တိများကြောင့်လည်း ကြိုက်နှစ်သက်ကြသည်။

မြန်မာ့ဆေးကျမ်းအရ သနပ်ခါးသည် ပူ၏၊ သွေးကိုကြွေစေ၏၊ ပူခါးချုပ်ပွင့်ဖြစ်စေ၏၊ ငန်းမန်းကိုနိုင်စေ၏၊ အပူနာ၊ အအေးနာနှစ်မျိုးစလုံးတွင် သုံးနိုင်၏။ အပင်၏အရွက်၊ အသီး၊ ပင်စည်၊ အမြစ်အားလုံးကို အသုံးပြုနိုင်၏ဟု ဖော်ပြထားပါသည်။

**အရွက်၏ ဆေးဖက်ဝင်ပုံ**

သနပ်ခါးကို ဝက်ရူးပြန်ရောဂါကုသဆေးဖော်စပ်ရာတွင် အသုံးပြုနိုင်သည်။ အနာကြီးရောဂါသည်များအတွက် အရွက်ကိုပြုတ်၍ ရေချိုးပြီး ချွေးအောင်းပေးပါ။ အရွက်ပြုတ်ရည်ကို ဆားများများခတ်၍သောက်ပါက ၄က်ဖျားရောဂါပျောက်စေသည်။ မြံနေသောအနာများအတွက် အရွက်ကိုကြိတ်၍ ဆန်ဆေးရည်နှင့် သောက်ပေးပါ။ အရွက်ခြောက်ကို နေလှန်း၊ အမှုန့်ပြုလုပ်ပြီး ရေဖြင့်သောက်ပါက အဖောအရောင်၊ အနာအဆာနှင့် ကိုယ်တွင်းရောဂါဟူသမျှ ကင်းရှင်းပပျောက်စေသည်။

**အသီး၏ဆေးဖက်ဝင်ပုံ**

သနပ်ခါးသီးကို အဆိပ်ဖြေဆေး၊ ခွန်အားတိုးဆေး၊ ကျောက်ရောဂါကာကွယ်ဆေးနှင့် ပြင်းထန်သောအဖျားရောဂါများအတွက် ဖော်စပ်သောဆေးများတွင် ထည့်သွင်းအသုံးပြုနိုင်သည်။ အရွက်သို့မဟုတ် အသီးလက်တစ်ဆုပ်စာကို ရေနွေးဖြင့်ပြုတ်ပြီး ခပ်နွေးနွေးအရည်ကို ငုံဆေး၊ အဖတ်ကို နာနေသောနေရာပေါ် ကပ်ပေးပါက သွားနာ၊ သွားကိုက်သက်သာစေသည်။

**ပင်စည်၏ဆေးဖက်ဝင်ပုံ**

သနပ်ခါးကို တစ်ကိုယ်လုံးလိမ်းပေးပါက ခန္ဓာကိုယ်တွင်းရှိ မျက်စိဖြင့်မမြင်နိုင်သော အညစ်အကြေးနှင့် အခိုးတို့အား ခန္ဓာကိုယ်ပြင်ပသို့ သနပ်ခါးက စုပ်ယူဆွဲငင်ယူပြီး အပူအပုပ်များ ထွက်စေပါသည်။ သနပ်ခါးကို မှန်မှန်လိမ်းပေးပါက တင်းတိပ်၊ မွဲခြောက်နှင့် အဆီပြန်ခြင်းမှ ကင်းဝေးပြီး အသားအရေအေးမြ၍ နေလောင်ဒဏ်သက်သာစေကာ အသားအရေ စိုပြည်လှပစေသည်။ ဝက်ခြံအစိုများအတွက် သနပ်ခါးတုံးကိုသွေး၍ သံပရာရည်အနည်းငယ်ထည့် လိမ်းပေးပါ။ ဝက်ခြံအမာရွတ်များအတွက် သနပ်ခါးတုံးကို ပျစ်ပျစ်သွေး၍ နေ့၊ ည လိမ်းပါ။ သနပ်ခါးတွင် ဆားအနည်းငယ်ရောထည့်လိမ်းပေးခြင်းဖြင့် မိတ်၊ အင်ပျဉ်တို့ ယားယံခြင်းမှ သက်သာစေသည်။ ရေနွေးပူလောင်နှင့် မီးပူလောင်ဒဏ်ရာများအတွက် သနပ်ခါးထူထူလိမ်းခုံပေးခြင်းဖြင့် အသားအရေကို ပကတိအတိုင်း ပြန်လည်ရရှိစေသည်။

အရေပြားပါးလွှာပြီး ယားနာဖုများ မကြာခဏထွက်လေ့ရှိသူများအနေဖြင့် Dettol ဆပ်ပြာသုံး၍ ရေချိုးသန့်စင်ပြီးနောက် သနပ်ခါးထူထူလိမ်းပါ။ ၄က်ဖျား၊ ဝက်ရူးပြန်ရောဂါ၊ အနာကြီးရောဂါ၊ နှလုံးရောဂါနှင့် အစာအိမ်နာရောဂါတို့ကို ကုသရာ၌လည်း သနပ်ခါးကို ဆေးဝါးအဖြစ် အသုံးပြုနိုင်သည်။ သနပ်ခါးတုံးအနှစ်သားကို သွေး၍လိမ်းပေးခြင်းဖြင့် အသားအရေ ချောမွေ့အေးမြစေသည်။ (ခြင်းချက်အနေဖြင့် သနပ်ခါးလိမ်းရာတွင် အရေပြားပါးလွှာ၍ နုနယ်သော မျက်ဝန်းတစ်ဝိုက်ကို ရှောင်ရပါမည်။ အဘယ်ကြောင့်ဆိုသော် သနပ်ခါးပျစ်ပျစ်ထူထူလိမ်းပြီးနောက် ခြောက်သွားသောအခါ အရေပြားကို တင်းဆွဲနေသလိုခံစားရပါလိမ့်မည်။ ထို့ပြင် မျက်ဝန်းတစ်ဝိုက် အရေပြားကို ဆွဲ၊ ဆန့်၊ ကျုံ့၍ တွန်းအားဖြစ်စေပြီး မျက်ဝန်းတစ်ဝိုက်အရေပြားများကို တွန့်လာစေမည်။) သနပ်ခါးသွေးရည်ကို တစ်ဝကြီးရှုရှိုက်ပေးခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေပြီး ခေါင်းကိုက်၊ ခေါင်းခုံ၊ ဧက်ကြောထိုး၊ နှာခေါင်းပိတ်စသောရောဂါများကို သက်သာပျောက်ကင်းစေသည်။ အနာတစ်ဝိုက်က အရေပြားပေါ်ကို သနပ်ခါးရည်ကြည်ပွတ်လိမ်းပေးခြင်းက ငန်းမန်းကိုနိုင်ပြီး အပူနာ၊ အအေးနာနှစ်မျိုးစလုံးအတွက် ကောင်းကျိုးပြုသည်။ အမျိုးသမီးများ မီးယပ်ဖြူဆင်းပြီး ခန္ဓာကိုယ်ပူနွေးနေလျှင် ကံ့ကော်ဝတ်ဆံနှင့် သနပ်ခါးရောသွေးပြီး သကြားအနည်းငယ်ထည့်သောက်ပါ။ အပူများသောဒေသများတွင် သနပ်ခါးခြောက်သွားသည်နှင့် ထပ်ခါထပ်ခါလိမ်းပေးပါက အပူပြင်းစေပါသည်။ သနပ်ခါးက ခါးသက်သက်အရသာရှိပြီး ဆန်ဆေးရည်ဖြင့်သွေး၍ သောက်ပေးပါက အနာဝင်(အနာမြိ)ရောဂါကို သက်သာပျောက်ကင်းစေသည်။ နွေရာသီ၌ ကလေးများတွင်ဖြစ်လေ့ရှိသော အပူဖု၊ အပူနာ၊ ကျောက်၊ ဝက်သက်ပေါက်ချိန်များတွင် သနပ်ခါးသန့်သန့်သွေးပြီး ခွဲ့ပေးပါ။ တစ်ကိုယ်လုံးလိမ်းပေးပါ။ ရင်ခွင်ပိုက်ကလေးငယ်များ အညှော်မိရာတွင် သနပ်ခါးသွေးရည်အနည်းငယ် ခွဲ့ပေးခြင်းဖြင့် အညှော်ထွက်စေပါသည်။

**အမြစ်၏ဆေးဖက်ဝင်ပုံ**

သနပ်ခါးအမြစ်ကို ဝမ်းနုတ်ဆေး၊ ချွေးထုတ်ဆေးတို့ဖော်စပ်ရာတွင် ထည့်သုံးလေ့ရှိသည်။ မီးယပ်ရောဂါရှိသူများ အမြစ်ကို နန်းမှုန့်နှင့်သွေး၍ သောက်ပေး၊ လိမ်းပေးပါက သွေးသားမှန်ကန်စေသည်။ ဆားနှင့်သွေးလိမ်းပါက အညောင်းအညာပျောက်ကင်းစေသည်။ ကလေးများအအေးမိ၊ အစားမှား၊ ချဲကပ် စသည်တို့အတွက် သနပ်ခါးအမြစ်တုံးသွေး၍ ကွမ်းရွက်စိမ်းရည်ဆတူရောပြီး တိုက်ကျွေးပေးပါ။ သနပ်ခါးမြစ် ငါးပဲသားကို ပျားရည်ခြောက်ပဲသားနှင့်ရော၍ လျက်ပေးခြင်းဖြင့် မြွေဆိပ်ပျောက်ကင်းစေသည်။ သနပ်ခါးမြစ်ကို သကြား၊ ပျားရည်တို့နှင့်ရော၍လျက်ပေးပါက အစာအိမ်ရှိအဆိပ်ကိုပြေစေသည်။ အမြစ်ကိုသွေး၍ နေ့စဉ်မှန်မှန်လိမ်းပေးခြင်းဖြင့် အသားအရေချောမွတ်စေပါသည်။ သနပ်ခါးအမြစ်ကို ဆားနှင့်သွေးပြီး နေ့စဉ်ပုံမှန်ရေနွေးကြမ်းပန်းကန် တစ်ဝက်ခန့် သောက်သုံးပေးပါက အသည်းရောင်ရောဂါပျောက်ကင်းစေသည်။

**သတိပြုရန်**

သဘာဝသနပ်ခါးတုံးစစ်စစ်များရှိကြသကဲ့သို့ ကြိတ်ပြီးသားအသင့်သုံးသနပ်ခါးများကို တာရှည်ခံအောင်ပြုလုပ်၍ သနပ်ခါးအရည်၊ အနှစ်စသည်ဖြင့် ဘူး၊ ပုလင်းတို့ကို အလွယ်တကူဝယ်ယူရရှိနိုင်သည်။ ယင်းအသင့်သုံးသနပ်ခါးဘူးနှင့်ပုလင်းများတွင် တာရှည်ခံစေရန်နှင့် တခြားအမွှေးနံ့ပစ္စည်းများ ပါဝင်သောကြောင့် လူတချို့၌ ဓာတ်မတည့်မှုများ ဖြစ်စေနိုင်ပါသည်။ သို့သော် ဈေးကွက်ထဲတွင် စံချိန်စံနှုန်းပြည့်အသိအမှတ်ပြု သနပ်ခါးဘူး၊ ပုလင်းများရှိကြရာ မိမိအသားအရေနှင့် ဓာတ်တည့်သော အသင့်လိမ်းသနပ်ခါးဘူးများကို ရွေးချယ်အသုံးပြုသင့်သည်။

၂၀၂၁ ခုနှစ်မှစ၍ နိုင်ငံတော်က တပို့တွဲလပြည့်နေ့ကို "မြန်မာ့သနပ်ခါးနေ့"အဖြစ် အထူးတလည်သတ်မှတ်လိုက်သည်။ သနပ်ခါးစိုက်ဒေသများဖြစ်သော အရာတော်၊ ရေစကြို၊ မြိုင်၊ ရွှေဘိုနှင့် ပေါက်မြို့များ၌ တပို့တွဲလပြည့်ညတွင် မြို့အလိုက် ဘုရားများတွင် သနပ်ခါးမီးပူဇော်ခြင်း (သနပ်ခါးဖြင့် အနွေးဓာတ်ပူဇော်ခြင်း)များ ပြုလုပ်ကြသည်။

အချုပ်ဆိုရသော် ယခုအခါ မြန်မာ့သနပ်ခါးကို ဒြပ်မဲ့ယဉ်ကျေးမှု ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အလွှာအသီးသီး၊ အဖွဲ့အစည်းပေါင်းစုံမှ အားတက်သရော ကြိုးပမ်းလျက်ရှိရာ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအဖြစ် ကမ္ဘာ့အလယ်တွင် မှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရေးသားလိုက်ရပါသည်။

# ချောင်းဆုံမြို့နယ်၌ မျိုးရွေးချယ်မြှင့်တင်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ



**ချောင်းဆုံ ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဒေသတွင်း စားရေရိက္ခာဖူလုံ၍ စားသုံးဆီပိုမိုရရှိစေရေး ဆောင်းသီးနှံစိုက်တောင်သူများ မျိုးကောင်းမျိုးသန့်များကို နည်းစနစ်မှန်ကန်စွာစိုက်ပျိုးပြီး အထွက်တိုးစေရန်ရည်ရွယ်၍ ကော့မုပွန်ကျေးရွာ ကွင်းအမှတ် (၆၃၇) ရှိ နေကြာစိုက်ဧက ၆ ဒသမ ၅ ဧကခွဲ မျိုးရွေးချယ်မြှင့်တင်ခြင်းကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီလ ၂၂ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကျော်လွင်ဝင်က မြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်မျိုးစေ့တာဝန်ခံ ဒေါ်မူမူတန်က တောင်သူများ ပူးပေါင်းပါဝင်သော နေကြာမျိုးရွေးချယ်မြှင့်တင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်းက ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းမြင့်မားပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ နည်းစနစ်များကို မှန်မှန်ကန်ကန်အသုံးပြုကြရန်လိုကြောင်းပြောကြားပြီး တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ချောင်းဆုံမြို့နယ်အတွင်း၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုး ထုတ်လုပ်မှုအနေဖြင့် နေကြာ ၃၄၃၈ ဧက၊ မြေပဲ ၈က ၁၂၀၊ နှမ်း ၄ ဧက စုစုပေါင်းဆီထွက်သီးနှံ ၃၅၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါး ၁၁၇ ဧက၊ ပဲမျိုးစုံ ၅၉၈၇ ဧကနှင့် ပိုက်ဆန်လျှော် ၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြစ်သားမြို့နယ်၌ ရေဆင်း ၁၄ ကုလားပဲမျိုး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**မြစ်သား ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ဆောင်းကုလားပဲမျိုးများစိုက်ပျိုးကြရာ ငါးဆူကျေးရွာအုပ်စု ရွှေကြာအင်းကျေးရွာ၌ ဒီဇင်ဘာလမှ စိုက်ပျိုးထားသည့် ရေဆင်း ၁၄ ကုလားပဲမျိုးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်၌ ဒေသနှင့်ကိုက်ညီသည့် ဆောင်းကုလားပဲမျိုးများ စိုက်ပျိုးမည်ဆိုပါက ဒေသ ရေ၊ မြေနှင့်ကိုက်ညီသည့် ရေဆင်း ၁၄ ကုလားပဲမျိုးများကို စနစ်တကျအပင်အကွာအဝေးသင့်တော်သည့် အနေအထားအစိုဓာတ် ရှိချိန်တွင် စိုက်ပျိုးရကြောင်းသိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ယခင်နှစ်စိုက်ပျိုးချိန်က တစ်ဧက ၁၉ တင်းနီးပါးထွက်ရှိခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ကုလားပဲစိုက်ခင်းများသည် အပွင့်၊ အသီးများကောင်းမွန်၍ အောင်မြင်ဖြစ်ထွန်းကြောင်း တောင်သူဦးဝင်းမြင့်က ပြောသည်။

မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၉၂ အုပ်စုရှိ၍ ဒေသရေမြေသဘာဝထွက်ရှိမှု၊ ဝယ်ယူစားသုံးမှုနှင့် ကိုက်ညီသော အထွက်ကောင်းရေဆင်း ၁၄ ကုလားပဲမျိုးများကို ဒေသခံတောင်သူများက ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလျက်ရှိကြောင်း၊ တောင်သူများအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့် ရရှိရေးနှင့် ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

# စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် နေကြာသီးနှံ ၃၁၃၃၇ ဧကစိုက်ပျိုးနိုင်ခဲ့

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် နေကြာသီးနှံ ၃၁၃၃၇ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခု၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းမြို့နယ်၌ နေကြာသီးနှံ ၃၁၃၃၇ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၃၁၃၃၇ ဧကစိုက်ပျိုးနိုင်ခဲ့သည်။

"ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းမှာပဲ စိုက်ကြတာပါ"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကပြောသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်၌ နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသော ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များအတိုင်းထွက်ရှိစေရေးဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၉)**

## သပြေညိုနှင့် ကြိုပါမည်

* ရာသီလည်းပြောင်း၊ ခါမီနှောင်းခဲ့
ရွက်ဟောင်းခမြေ၊ ရွက်သစ်ဝေပြီ
ပျိုမေသခင်၊ မေ့ချစ်လင်ရယ်
ရွှေရင်ပူရှာ၊ လွမ်းသသနှင့်
တမ်းတလို့မျော် မေမေပျော်။
* နွေမိုးဆောင်းခြား၊ ချစ်သက်ထားမောင်
ရန်များချေဖျက်၊ တောတောင်ထက်သို့
ရန်ဘက်ကင်းစေ၊ စစ်မြေဆီလှမ်း
ကြိုးပမ်းထမ်းဆောင် ချစ်သောမောင်။
* ချစ်သက်မကြာ၊ မောင်ခွဲခွာပြီး
စွန့်ကာထားလျက်၊ မောင်ပစ်ရက်တယ်
ချစ်သက်ရန်ပျိုး၊ ဘယ်အငြိုးမှ
ရွယ်ကိုးကာသာ မထင်ပါ။
* ပြည်သာယာရေး၊ အလေးပေးလို့
အဆွေးကိုနှင်၊ စစ်မြေပြင်မှာ
အလျင်တိုက်ထုတ်၊ ရန်အငုတ်ကို
အပြုတ်တွန်းလှန် အောင်ပွဲခံကာ
မကျန်တစ်စ ချိုးဖျက်နိုင်ပါစေ။
* အောင်လံကိုဝင့် အောင်ကြောင်းဆင့်မှ
ကြိုလင့်မောင့်ကို၊ သပြေညိုနှင့်
မေပျိုလက်ကမ်း၊ မောင်ပြန်လမ်းတွင်
အလွမ်းတစ်ရာ၊ ဖြေသိမ့်ပါမည်
တိုက်ရာစစ်ပွဲ ခြိမ့်သဲနိုင်ပါစေ။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂၃-၂-၂၀၂၅(တနင်္ဂနွေ)

| | | | |
|---|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း | |
| ၂။ | ၀၆:၀၃ | တရားတော် | |
| ၃။ | ၀၇:၁၅ | မေတ္တာပို့ | |
| ၄။ | ၀၇:၂၅ | (၃၈)ဖြာမင်္ဂလာ | |
| ၅။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် | |
| ၆။ | ၀၉:၀၀ | မြဝတီနေ့စဉ်သတင်း | |
| ၇။ | ၁၀:၀၀ | နိုင်ငံတကာသတင်း | |
| ၈။ | ၁၁:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား | |
| ၉။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | |
| ၁၀။ | ၁၃:၀၀ | မြဝတီရုပ်မြင်သံကြား သတင်း | |
| ၁၁။ | ၁၄:၀၀ | Music Gallery | |
| ၁၂။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် | |
| ၁၃။ | ၁၇:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး | |
| ၁၄။ | ၁၉:၀၀ | တောင်ပိုင်း ပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာ အခန်းကဏ္ဍ အပိုင်း(၂၁) | |

# ကန်ကြီးထောင့်မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြော



ကန်ကြီးထောင့် ဖေဖော်ဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်အရန်မီးသတ်တပ်ရင်းတို့ပူးပေါင်းပြီး Fire Hotspot ဖြစ်စေသည့် အကြောင်းရင်းများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၂၁ ရက်က ကန်ကြီးထောင့်မြို့နယ် လေပွေချောင်ကျေးရွာရှိ မဟာမြိုင်ကျောင်းတိုက်၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပုသိမ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က မီးခိုးမြှုပ်ခြင်း၊ ညစ်ညမ်းမှုထိန်းချုပ်ရေး အားလုံးပူးပေါင်းပါဝင်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝင်းက ရာသီဥတုပြောင်းလဲခြင်းအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ခင်မောင်လွင်က မီးရှို့ခြင်း၏ဆိုးကျိုးများအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ ကန်ကြီးထောင့်မြို့နယ် လေပွေချောင်ကျေးရွာ အမှတ်(၁) ရပ်ကွက်၊ ရိုးကြီးကျေးရွာ အမှတ်(၁) ရပ်ကွက်၊ ဘုရားချောင်းကျေးရွာ အမှတ်(၂) ရပ်ကွက်၊ ကျောင်းစုကျေးရွာ အမှတ်(၃) ရပ်ကွက်တို့မှ ဒေသခံပြည်သူ ၆၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

# ဘုတ်ပြင်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆွေးနွေး

ဘုတ်ပြင်း ဖေဖော်ဝါရီ ၂၂

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၁ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသိန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ယခုကဲ့သို့ အသိပညာပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘုတ်ပြင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်သင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာန၏ ဆောင်ရွက်နေမှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန်များ၊ ပြည်သူများလိုက်နာသင့်သည့်ကိစ္စရပ်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# အုတ်တွင်းမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံ သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဆင်းပွဲကျင်းပ

အုတ်တွင်း ဖေဖော်ဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၁ ရက်က အမှတ် (၉၈) စက်မှုလယ်ယာစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏာဝါအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဟိန်းက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏာဝါအောင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီလ ၁၀ ရက်မှ ၂၁ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**ခင်ခင်မာ(ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ်၌ စပါးတစ်ကေပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ကျော်ထွက်ရှိရေး သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် GW-11 စပါးမျိုးများ စတင်ပျိုးထောင်

ကျောက်ဆည် ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း ဆန်စပါးဖူလုံပိုလျှံစေရန် ယခုနှစ်တွင် နွေစပါးတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ကျော်ထွက်ရှိရေး သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် GW-11 စပါးမျိုးများ စတင်ပျိုးထောင်လျက်ရှိကြောင်း သိရသည်။

ထိုသို့ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် GW-11 စပါးမျိုးများကို တိုင်းကျေးရွာအုပ်စု အင်တိုင်းကျေးရွာကွင်းအမှတ် (၁၄၉) တောင်သူဦးအေးလွင်၏ လယ်မြေသုံးဧကခွဲ၌ စိုက်ပျိုးရန်ပျိုးထောင်ခြင်းဖြစ်သည်။ စပါးတစ်ဧကစိုက်ပျိုးရန် မျိုးစေ့ ၂၀ kg၊ ၁၄ ပြည် နို့ဆီဘူးသုံးဘူး အသုံးပြုကာ ပျိုးထောင်ရာတွင် မျိုးစေ့အလေအလွင့်မရှိစေရေး မျိုးစေ့ကျဲကျဲပျိုးထောင်ပြီး ဖွံ့ပြာအုပ်ဖြူးပေးရကြောင်းနှင့်သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးမည်ဖြစ်သောကြောင့် ပျိုးတက်ပွားစေရန် ပျိုးသက်နုချိန် ၂၅ ရက်သားတွင် ပြောင်းရွှေ့စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။



ပြောင်းရွှေ့စိုက်ပျိုးရာတွင် ကောက်ကွက်တစ်ကွက်လျှင် ပျိုးပင်နှစ်ပင်မှ သုံးပင်နှုန်းဖြင့် တန်းကြား ၈ လက်မ၊ ပင်ကြား ၆ လက်မ စိုက်ပျိုးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီး ၁၅ ရက်တွင် ရေတင်ခြင်း၊ မြေဩဇာကျွေးခြင်း၊ ပေါင်းနုတ်ခြင်း၊ တမန်းနှိုးခြင်းနှင့် ကောက်ကွက်ဖာခြင်းများပြုလုပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်တွင် ဒုတိယအကြိမ် ရေတင်ခြင်း၊ မြေဩဇာကျွေးခြင်း၊ ပေါင်းနုတ်ခြင်းများ ဆောင်ရွက်ပြီး ၆၅ ရက် သန္ဓေကပ်ချိန်နှင့် ပျိုးပင် ၁၀၅ ရက်သားတွင် မြေဩဇာကျွေးခြင်းများ ထပ်မံပြုလုပ်မည်ဖြစ်ပြီး ရက်ပေါင်း ၁၃၅ ရက်ကျော်လွန်ပါက စပါးများ စတင်ရိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန် ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်းကာ မြေပြုပြင်ပျိုးထောင်ချိန်မှစ၍ ရိတ်သိမ်းချိန်အထိ နည်းပညာများပံ့ပိုးကူညီပေးမည်ဖြစ်ပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှလည်း သီးနှံများအောင်မြင်သည်အထိ စိုက်ပျိုးရေများဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

(၃၈)ဖြာမင်္ဂလာ

# ပညာသည်သာ(ဗာဟု သုစ္စုဋ္ဌ)

ကိုဇော်ဌေး(ယဉ်ကျေးမှု)



စိုးသူအိမ်ပြန်ရောက်တော့ ဦးလေးဖြစ်သူ ဦးချစ်တိုးကို တွေ့လိုက်ရသည်။ စိုးသူက ဦးချစ်တိုးကို လေးလေးဟုခေါ်ပြီး စိုးသူအဖေ၏ ညီအငယ်ဆုံးဖြစ်သည်။ ရန်ကုန်မြို့မှာနေထိုင်၍ စာရေးဆရာဘဝနှင့် အသက်မွေးသည်။

"စိုးလေး ဘယ်လျှောက်သွားနေတာလဲ"

ဦးချစ်တိုးအမေးကို

"ဘုရားမာကို ခဏသွားတာ လေးလေး" ဟု ပြန်ဖြေပြီးမှ

"လေးလေး လာလည်တာလား" ဟု ပြန်မေးလိုက်မိသည်။

"အေးကွာ လာလည်တာပေါ့၊ စိုးလေးကိုလည်း သတိရလို့"

"ကဲမင်းတို့တူအရီးတွေ စကားပြောကြ၊ တို့အလုပ်ရှိသေးတယ်" ဖေဖေနှင့်မေမေက ဦးချစ်တိုးနှင့် ထိုင်စကားပြောနေရာမှ ထသွားကြသည်။

"ဘုရားမာဘုရားက ပြန်လာတယ်ဆိုတဲ့ စိုးသူလေးကို မေးရဦးမယ်၊ ဘုရားမာဘုရားရဲ့ မြောက်ဘက်ယွန်းယွန်းကုန်းကရရှိပါတယ်ဆိုတဲ့ ပျူရုပ်လေးငါးရုပ်ကို မြင်ဖူးလား"

"မြင်ဖူးပါတယ်၊ မှော်ဇာပြတိုက်ထဲမှာရှိတယ်"

ဦးချစ်တိုးအမေးကို စိုးသူက မဆိုင်းမတွ ပြန်ပြောလိုက်သည်။

"တော်လိုက်တဲ့ စိုးလေး၊ အရုပ်ရဲ့ ပုံသဏ္ဌာန်လေးကိုရော၊ စိုးလေးမှတ်မိလား"

"မှတ်မိတယ် ဗုံတီးတဲ့ အရုပ်ရယ်၊ ပလွေမှုတ်တဲ့ အရုပ်ရယ်၊ စည်းဝါးတီးတဲ့အရုပ်ရယ်၊ ကနေတဲ့ အရုပ်ရယ်၊ လူရွှင်တော်အရုပ်ရယ်လို့ ပြောကြတဲ့ အထုပ်လေးတစ်ထုပ်ကို ထမ်းနေတဲ့အရုပ်ရယ်"

"ဟား...ဟား...ဟုတ်လိုက်တဲ့စိုးလေး၊ လေးလေး ဆုချမယ်"

ဦးချစ်တိုးက ထိုင်ရာမှထကာ သူ၏ခရီးဆောင်အိတ်ထဲမှ ကိတ်မုန့်ခြောက်ထုပ်ကိုယူလိုက်လေသည်။

"ရော့ ဒါ စိုးလေးကိုဆုချတာ"

ဦးချစ်တိုးပေးသောမုန့်ထုပ်ကို စိုးသူကရင်ဝယ်ပွေ့ထားလိုက်သည်။

" သားတို့ကျောင်းက မှော်ဇာပြတိုက်ကိုသွားပြီး လေ့လာဖူးတယ်လေးလေးရဲ့၊ သားတို့အခုနေတဲ့ မှော်ဇာကျေးရွာအုပ်စုကြီးဟာ တစ်ချိန်တစ်ခါက ထင်ရှားပြီး ကြီးမားတဲ့ ရှေးဟောင်းမြို့တော်ကြီး သရေခေတ္တရာဆိုတာ ဖြစ်ခဲ့ဖူးတယ်"

"အင်း . . .၊ ပြောပါဦး"

"လေးလေး ကားနဲ့လာတာလား"

"ဟုတ်တယ်"

"ဒါဆို လေးလေးတွေ့ခဲ့သေးလား၊ ပြည်-ပေါက်ခေါင်းကားလမ်းပေါ်က နဂါးတွန့်တံခါးပေါက်ကိုလေ"

ဦးချစ်တိုးက ခေါင်းညိတ်ပြသည်။

"လေးလေး ကားပေါ်ကဆင်းရတဲ့နေရာကို နတ်ပေါက်လို့ခေါ်တယ်"

"အင်း...သရေခေတ္တရာအကြောင်းကို စိုးလေးက သိပ်ပြီးသိနေပါလား"

"နည်းနည်းပါ လေးလေးရာ"

ဦးချစ်တိုးက စိုးသူကိုမေးလာသည်။

"သား စိုးလေး၊ ဘိုးရာဇာဆိုတဲ့ အမတ်ကြီး အကြောင်းကို ကြားဖူးလား"

"ဆရာပြောပြဖူးတယ် လေးလေး"

"စိုးလေးကြားဖူးရင် လေးလေးမပြောပြတော့ဘူး၊ အခုလို အကြားအမြင်၊ ဗဟုသုတတွေ ဆည်းပူးလေ့လာမှတ်သားထားတာ သိပ်ကောင်းတယ်။ ပညာရှိဆိုတာ လူတွေရဲ့ ရတနာပဲ၊ အလုံးစုံသော ဥစ္စာတွေထဲမှာပညာတည်းဟူသော ဥစ္စာသာလျှင် အမြင့်ဆုံးဖြစ်တယ်။ စိုးလေးကို ချီးကျူးပါတယ်"

စိုးသူက ဦးချစ်တိုး၏ ချီးကျူးမှုခံရင်း ငြိမ်နေမိသည်။ အကြားအမြင် ဗဟုသုတရအောင်ပြောပြ၊ သင်ကြားပေးသော မိဘဆရာတို့ကိုလည်း ရင်ထဲမှ ရှိခိုးမိပါတော့သည်။

ဆိုရိုးစကား အလေးထား

# ပုဆိုးတစ်ဝတ် သျှောင်တစ်ရစ်



အချိန်ကိုတန်ဖိုးထားလေးစားဖို့၊ အချိန်နဲ့တစ်ပြေးညီ အလုပ်လုပ်ဖို့ တိုက်တွန်းထားတဲ့ ဒေသဆိုရိုးစကားတစ်ခုရှိတယ်။ "ပုဆိုးတစ်ဝတ် သျှောင်တစ်ရစ်"တဲ့။

မိုးခေါင်ရေရှားတဲ့ဒေသဆိုတော့ နွေကာလမှာ အတော်ပူတယ်။ ခြောက်သွေ့နေတာပဲ။ အင်မတန်ပူပြင်းတဲ့ကာလက နှစ်လကျော် သုံးလလောက်ကြာတယ်။ ပူပြင်းလွန်းပေမယ့် နားမနေနိုင်ကြပါဘူး။ မိုးကျတာနဲ့စိုက်ပျိုးဖို့အဆင်သင့်ဖြစ်အောင် ပြင်ဆင်နေကြရတယ်။ ပြင်ဆင်ရင်းမှာပဲ ပူလောင်လွန်း၊ အိုက်စပ်လွန်းတော့ မိုးဦးကျမိုးကို မျှော်နေကြရတာပေါ့။ မိုးဦးကျမိုးကလည်း လာနိုင်ခဲပါပေ့။ ရွာနိုင်ခဲပါပေ့။

မိုးဦးကျမိုးကိုမျှော်နေတာက ပူလို့အိုက်လို့ချည်းမဟုတ်ပါဘူး။ မိုးဦးကျမိုးရွာမှ စိုက်ရပျိုးရတဲ့ တောင်သူတွေလေ။ တောင်သူဆိုတာက ယာမြေထဲမှာပဲတို့၊ နှမ်းတို့ကိုစိုက်ပျိုးကြတယ်။ ပဲတွေနှမ်းတွေစိုက်ပျိုးဖို့အတွက် မိုးဦးကျမိုးကိုမျှော်နေရတာပေါ့။ စောစောစီးစီး မိုးဦးကျမိုးရွာမှ စောစောစီးစီးစိုက်ပျိုးရတယ်။ မိုးဦးကျစောမှ သီးနှံကအထွက်တိုးတာ။ မိုးဦးကျမိုးစောစော၊ မစောစော မိုးဦးကျမိုးရွာပြီဆိုရင် အင်မတန်ဝမ်းသာကြရတာပေါ့။ မိုးဦးကျမိုးရွာတာနဲ့ ယာလုပ်ငန်းစကြတော့တာပါပဲ။

မိုးဦးကျမိုးရွာပြီး မနက်ခင်းမှာ စောစောထ၊ ယာခင်းဆင်းကြတယ်။ ယာခင်းတွေထဲမှာ ကြောင်းဆွဲသူက ကြောင်းဆွဲ၊ မျိုးစေ့ချသူက မျိုးစေ့ချ၊ မျိုးစေ့ကြဲသူက မျိုးစေ့ကြဲ သွက်သွက်လက်လက်လုပ်နေကြရတာပဲ။ သွက်သွက်လက်လက်မလုပ်လို့လည်းမဖြစ်ဘူး။

တစ်နွေလုံးချစ်ချစ်တောက်ပူထားတဲ့ အပူရှိန်က ပြင်းတယ်။ မြေသားတွေက ခြောက်သွေ့နေတာ။ မိုးဦးကျမိုးရဲ့မိုးရေအစိုဓာတ်ကို ကြာကြာမထိန်းနိုင်ဘူး။ မြေအစိုဓာတ်ရှိနေတုန်း ယာမြေထဲမျိုးစေ့ရောက်ဖို့က အရေးကြီးတယ်။

မြေအစိုဓာတ်ရှိနေတုန်း မျိုးစေ့ချမှအပင်ပေါက်သန်တယ်။ အပင်ပေါက်သန်မှအထွက်တိုးတယ်။ မြေအစိုဓာတ်မရှိဘဲ မျိုးစေ့ချရင်မျိုးစေ့တိုင်းက အပင်မပေါက်ဘူး။ ပေါက်တဲ့အပင်ကလည်း မသန်မာဘူး။ အပင်ပေါက်မသန်ရင် အထွက်မတိုးဘူး။ မြေအစိုဓာတ်မပြယ်ခင် အချိန်လုနေရတာဆိုတော့ မသွက်လက်လို့မရဘူး။ အချိန်ဖြုန်းလို့မရဘူး။ အချိန်ပုပ်မခံနိုင်ဘူး။

ဒါကြောင့်မို့ မိုးဦးကျစ မြေအစိုဓာတ်လုနေရတဲ့ အချိန်မှာ အချိန်ကတန်ဖိုးအရှိဆုံးပဲ။ ပုဆိုးတစ်ဝတ် သျှောင်တစ်ရစ်အချိန်တွေက မကြာဘူးဆိုပေမယ့် ခဏခဏပုဆိုးပြင်ဝတ်နေရင် ခဏခဏ သျှောင်ထုံးကိုပြန်ရစ်နေရင် အလဟဿအချိန်ဖြုန်းနေတာပဲ။ ပုဆိုးကို ခဏခဏပြင်မဝတ်ရစေနဲ့။ ပုဆိုးကို တင်းနေအောင် ဝတ်ထား။ သျှောင်ထုံးကို ခဏခဏပြန်မရစ်ရစေနဲ့။ သျှောင်ထုံးကို တင်းနေအောင်ရစ်ထားလို့ ဘိုးစဉ်ဘောင်ဆက်ပြောဆိုလာတာ အခုထိတိုင်အောင်ပါပဲ။ ရှေးတုန်းက အဘိုးအဘွားတွေလက်ထက်မှာတော့ မြန်မာအမျိုးသားတွေက သျှောင်ထုံးကြီးတွေနဲ့ပေါ့။

"ပုဆိုးတစ်ဝတ် သျှောင်တစ်ရစ်"ဆိုတဲ့ ဒေသဆိုရိုးစကားက "လသာတုန်းပိုင်းငင်"၊ "မိုးရွာတုန်းရေခံ"၊ "အချိန်ရှိခိုက်လုံ့လစိုက်" ဆိုတဲ့ မြန်မာစကားပုံတွေ၊ မြန်မာဆိုရိုးစကားတွေနဲ့ အဓိပ္ပာယ်ချင်းနီးနွယ်ပါတယ်။ အချိန်ရတုန်းမှာ ဖင့်နွဲ့မနေဘဲ ကြိုးစားအားထုတ်ဖို့ တိုက်တွန်းထားတာပါပဲ။

ရလာတဲ့အချိန်က ရပ်တန့်မနေပါဘူး။ အမြဲတမ်းရွေ့လျားနေတယ်။ အချိန်ကိုဆွဲထားလို့မရသလို တားထားလို့လည်းမရဘူး။ ရနေတဲ့အချိန်မှာ ကြိုးစားအားထုတ်နေရမယ်။ အချိန်မဖြုန်းရဘူး။ ကြိုးစားအားထုတ်ရမယ့်အချိန်မှာ မကြိုးစားဘူး၊ အားမထုတ်ဘူးဆိုရင် အချိန်ဖြုန်းတာပဲ။ အချိန်မဖြုန်းဘဲ အချိန်သုံးတဲ့သူက အချိန်ဖြုန်းတဲ့သူထက် အမြဲသာတယ်။

မြန်မာ့လူမှုနယ်ပယ်မှာ အရွယ်သုံးပါးရှိတယ်။ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်လို့ သတ်မှတ်ထားတယ်။ အရွယ်အလိုက် ဆောင်ရွက်ရမယ့်အချိန်ဇယားလည်းရှိတယ်။ ပထမအရွယ်မှာ ပညာသင်ရမယ်၊ ဒုတိယအရွယ်မှာ ပစ္စည်းဥစ္စာရှာဖွေရမယ်၊ တတိယအရွယ်မှာ တရားဘာဝနာအားထုတ်ရမယ်လို့ အချိန်သတ်မှတ်ထားပါတယ်။ အရွယ်အလိုက် အချိန်ကိုက်ဆောင်ရွက်ကြရမယ့်လုပ်ငန်းဆောင်တာတွေပါပဲ။

အရွယ်တွေကလည်း တစ်နေ့ပြီးတစ်နေ့၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် ရွေ့လျားနေပါတယ်။ ပထမအရွယ်ကနေ ဒုတိယအရွယ်ပြောင်းမယ်။ ဒုတိယအရွယ်ကနေ တတိယအရွယ်ပြောင်းမယ်။ တတိယအရွယ်ရောက်ရင် ဒုတိယအရွယ်ကိုပြန်မရတော့သလို ဒုတိယအရွယ်ရောက်ရင် ပထမအရွယ်ကိုပြန်မရတော့ပါဘူး။ ဒီတော့အရွယ်အလိုက်အချိန်ကိုက်ဆောင်ရွက်ကြရမယ့် လုပ်ငန်းဆောင်တာတွေကိုပြီးမြောက်အောင်ဆောင်ရွက်ကြရမယ်။

အလားတူပါပဲ။ ပညာရှာရမယ့်အရွယ်မှာ ပညာရှာရမယ့်အချိန်တွေရနေတယ်။ ပညာရှာရမယ့်အချိန်ကိုမဖြုန်းတီးကြပါနဲ့။ ပညာရှာရမယ့်အရွယ် ပညာရှာရမယ့်အချိန်မှာ ပညာတွေအများကြီးရအောင် သင်ယူလေ့လာဆည်းပူးကြရမှာဖြစ်ပါတယ်။ ။

ရေနံ့သာမောင်ကျော်ညွန့်

# (၆၄)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ (၆၄)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပြည့်စုံရေးကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ တောင်သူများနှင့် ကိုယ်တိုင်တွေ့ဆုံစဉ် တောင်သူများ၏ အခက်အခဲများနှင့် ဆောင်ရွက်နေမှုအခြေအနေများကို သိရှိလိုကြောင်း၊ တောင်သူများ၏လက်တွေ့ဘဝများထံမှ စိုက်ပျိုးရေးဆိုင်ရာပညာရပ်များအသုံးချမှု၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို တိုက်ရိုက်တွေ့ဆုံကာ ဆွေးနွေးလိုခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ဦးစိုးလွင်အေးက “တောင်သူအစုအဖွဲ့များဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချခြင်း” ခေါင်းစဉ်ဖြင့် အသင်း၏ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒေါက်တာခင်မျိုးဝင်းက ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်ရေးအတွက် ထုတ်ဝေပြီး ဆီထွက်သီးနှံမျိုးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒေါက်တာသက်ရည်ခိုင်က ဆီထွက်သီးနှံများတွင် ကျရောက်တတ်သော ရောဂါများ၊ သီးနှံကာကွယ်ရေးနည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒေါက်တာမာမာဝင်းက ဆီထွက်ပဲပုပ်သီးနှံတိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြရာ တက်ရောက်လာသည့်တောင်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးမှုများအပေါ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ဖြည့်စွက်ဆွေးနွေးကာ ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Video Clip အား ပြသသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါနည်းပညာဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှစိုက်ပျိုးရေးပညာရှင် ၅၀ ဦးနှင့် တောင်သူ ၁၂၀ ဦးတို့တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူ ၃၀၀ ဦးတို့က Zoom Point ၁၀၀ မှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်ပမှတင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပြီး နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့်ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုအင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေတန်ချိန် ၃၀၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာမုတ္တမဆိပ်ကမ်းသို့ ဖေဖော်ဝါရီလ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရောက်ရှိပြီး ဖေဖော်ဝါရီလ ၂၂ ရက် နံနက်ပိုင်းတွင် စွေးကွက်အတွင်း ဖြန့်ဖြူးရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့်ရေယာဉ်များပါအပတ်စဉ်ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံဝန်ထမ်းပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့်အရာထမ်းရာထူးများအတွက် ရေးဖြေစာမေးပွဲကျင်းပဖြေဆိုမှု လှည့်လည်ကြည့်ရှုအားပေး



နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ကြော်ငြာစာအမှတ် ၃/၂၀၂၄ ပါ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း ၁၉ ခုရှိ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူးနေရာ ၉၈၀ ရွေးချယ်ပေးရန် ရေးဖြေစာမေးပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာနငါးခု၌ ဖေဖော်ဝါရီလ ၂၂ နှင့် ၂၃ ရက်တို့တွင် တစ်ပြိုင်တည်းကျင်းပလျက်ရှိသည်။

အဆိုပါ ရေးဖြေစာမေးပွဲကျင်းပနေမှုများကို ယနေ့တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်နှင့် ဒေါ်ခင်မျိုးမြင့်တို့သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ မန္တလေးစာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် ဦးရဲနိုင်သည် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ရန်ကုန်စာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် သူရဦးဘိုနိုသည် မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မကွေးစာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်သည် နေပြည်တော် အမှတ်(၃)နှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းများရှိ နေပြည်တော်စာစစ်ဌာနသို့လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးအောင်တင်စိုးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ မွန်ပြည်နယ်စာစစ်ဌာနသို့လည်းကောင်း သွားရောက်၍ စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သည့် အရည်အသွေးပြည့်ဝသော ပြန်တမ်းဝင်အဆင့်စတင်ခန့်အရာထမ်းရာထူးများကို စနစ်တကျရွေးချယ်ပေးလျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘွဲ့ရပညာတတ်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ အရည်အချင်းကိုအခြေခံ၍ လူမှုန်၊ နေရာမှန်ခန့်အပ်နိုင်ရေးအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုကျင်းပသော ရေးဖြေစာမေးပွဲသို့ နိုင်ငံတစ်ဝန်းမှလာရောက်ဖြေဆိုသူ စုစုပေါင်း ၂၁၀၆ ဦးရှိကြောင်း သိရသည်။

(သတင်းစဉ်)

# လူသားတို့နှင့် ဂေဟစနစ်ကိုအကျိုးပြုလျက်ရှိသည့် ဝါးပင်များ

ဝါးချစ်သူတစ်ဦး

တစ်နေ့က သားဖြစ်သူနှင့်အတူ နေပြည်တော်ဥပဓိတသန္တိစေတီတော်အနီး ရှိတပေါင်းကွင်းသို့ရောက်သည်။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲကြီး ကျင်းပနေသည့်အတွက် သွားရောက်လေ့လာရန်အလို့ငှာ သားအဖနှစ်ယောက် ချီတက်သွားခဲ့ကြခြင်းဖြစ်သည်။ ပြခန်းတစ်ခုရှေ့သို့ရောက်သော် သားဖြစ်သူက ဝါးနှင့်ပြုလုပ်ထားသော ကျေးလက်တောရွာ အိမ်လေးတွေကို သဘောကျစွာကြည့်နေသည်။ ကျွန်တော်သည်လည်း မျက်စိရှေ့တွင်မြင်တွေ့ရသည့် ဝါးဖြင့်ဖန်တီးထားသော အသုံးအဆောင်ပစ္စည်းများ၊ အခြားသော အိမ်တွင်းမှုပစ္စည်းများကို မျက်ဝါးထင်ထင်မြင်ရသည့်အခိုက် များစွာအံ့သြတကြီးဖြစ်ခဲ့ရသည်။

ဒီမတိုင်ခင်တုန်းက ဝါးနှင့်ပတ်သက်၍ သိထားခဲ့သည်များရှိခဲ့သော်လည်း ထိုပြခန်းမှတာဝန်ရှိသူတစ်ဦး၏ ရှင်းပြချက်အရ ဝါး၏အသုံးဝင်ပုံနှင့်အဖိုးတန်ပုံများ၊ မြန်မာနိုင်ငံတွင် ဝါးစိုက်ပျိုးလျက်ရှိသည့်အခြေအနေများကို ဗဟုသုတအဖြစ် ထပ်မံမှတ်သားခွင့်ရခဲ့သည်။ ယနေ့အချိန်တွင် နိုင်ငံတော်က MSME လုပ်ငန်းများဖွံ့ဖြိုးအောင်မြင်လာစေရေး ကြိုးစားဆောင်ရွက်ပေးလျက်ရှိရာ ဝါးစိုက်ပျိုးထုတ်လုပ်ခြင်းသည်လည်း ကဏ္ဍတစ်ခုအနေဖြင့် ပံ့ပိုးပေးလျက်ရှိသောကြောင့် မိမိလေ့လာမှတ်သားခဲ့ရသမျှ ဝါးနှင့်ပတ်သက်၍ အများသူငါသိရှိနိုင်စေခြင်းအလို့ငှာ ဗဟုသုတအဖြစ် ပြန်လည်မျှဝေလိုက်ရပါသည်။

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင် သယံဇာတသစ်တောသစ်ပင်များ ရှိကြသည်။ သယံဇာတသစ်ပင်အများစု၏သဘောသဘာဝအရ ယင်းသယံဇာတကိုရယူရန် အချိန်ကြာမြင့်စွာစောင့်ရလေ့ရှိသည်။ အချို့သစ်ပင်များမှာ ပေါများသော်ငြား အသုံးဝင်မှုနည်းပါးခြင်း သို့မဟုတ် အသုံးတစ်ခုအတွက်သာ သင့်လျော်ခြင်းစသည်ဖြင့် ကန့်သတ်ချက်များရှိကြသည်။ ဝါးပင်မှာမူ အချိန်တို သုံးနှစ်၊ လေးနှစ်ဖြင့် သုံးနိုင်သောအဆင့်ရောက်ရှိခြင်း၊ ပေါများစွာပေါက်ရောက်ခြင်း၊ ဘက်စုံအသုံးဝင်ခြင်းတို့နှင့် ပြည့်စုံပေသည်။ သို့သော် ဝါးပင်များအား ဥပဒေအရ အကာအကွယ်ပေးမှုနည်းပါးပြီး စည်းကမ်းမဲ့ဝါးခုတ်ခြင်းကို အရေးယူမှုမရှိခြင်းနှင့် ပြန်လည်စိုက်ပျိုးမှုမရှိခြင်းတို့ကြောင့် ဝါးပင်များပေါက်ရောက်မှု တဖြည်းဖြည်းနည်းပါးလာသည်။

မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်က အခြေအနေနှင့် ယနေ့သစ်တောဝါးတောများပေါက်ရောက်မှုအခြေအနေက သိသိသာသာကွာဟလာခဲ့သည်။ ဝါးသည် အမြစ်တစ်ခုတည်း၌ ပင်စည်ပေါင်း ၁၀၀ ခန့်အထိ ပေါက်ရောက်လေ့ရှိပြီး ပေ ၃၀ မှ ပေ ၁၀၀ အထိ ရှည်တတ်ကြသည်။ အာရှ၊ အာဖရိကနှင့် အမေရိကတိုက်တို့တွင် ဝါးအမျိုးပေါင်း ၅၀၀ ခန့် ပေါက်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဝါးအမျိုးပေါင်း ၂၀၀ ကျော်ခန့်ရှိပြီး လူသိများသည့်ဝါးများမှာ ဝါးပိုးဝါး၊ ဝါးနက်၊ ဝါးဖြူ၊ ဝါးယား၊ သိုက်ဝါး၊ ကြသောင်းဝါး၊ တင်းဝါး၊ ထီးရိုးဝါး၊ ကြခတ်ဝါး၊ မြင်ဝါးနှင့်ဝါးမင်းတို့ဖြစ်ကြသည်။



ဝါးပင်တစ်ပင်ကို အမြစ်ပိုင်း၊ ပင်စည်ပိုင်းနှင့် အဖျားပိုင်းဟူ၍ သုံးပိုင်းခွဲခြားနိုင်သည်။ အမြစ်ပိုင်းသည် လူတို့အတွက် ဆေးအိုးတံများ၊ တောင်ဝှေးခေါင်းနှင့်အလှအပပစ္စည်းအဖြစ်ပြုလုပ်နိုင်သည်။ ပင်စည်ပိုင်းကို လူတို့အတွက် အသုံးဝင်ပစ္စည်းများအဖြစ် အသုံးပြုကြသည်။ အဖျားပိုင်းရှိအရွက်များကို နွားစာအဖြစ်လည်းကောင်း၊ ဆေးဝါးအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။ ဝါးသည် အပူပိုင်းဒေသများတွင် အများအပြားပေါက်ရောက်ကြပြီး သစ်ပင်နှင့်တူသော မြက်ကြီးပင်မျိုးဖြစ်၏။

ဝါးပေါက်ရာဒေသရှိ လူများသည် ဝါးကိုအမျိုးမျိုးအသုံးပြုကြလေသည်။ အိမ်ဆောက်ရာတွင်သာမက များပြားလှသော လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရာတွင်လည်း အသုံးပြုလျက်ရှိကြသည့်အတွက် တစ်ပင်လုံးအသုံးတည့်သည့်အပင်ဟုဆိုနိုင်သည်။ အချို့နေရာများတွင် အိမ်ခေါင်မိုးအဖြစ်လည်း အသုံးပြုကြသည်။ ကစားစရာများ၊ ကိရိယာတန်ဆာပလာများနှင့် အခြားလူ့အသုံးအဆောင်များကိုလည်း ဝါးဖြင့်ပင် ပြုလုပ်ကြလေသည်။ ယပ်တောင်များ၊ လမ်းလျှောက်တုတ်များနှင့် ငါးမျှားတံများ၊ ရေတံလျှောက်အတွက် ဝါးကိုခြမ်း၍ အသုံးပြုလေ့ရှိကြသည်။ တံတားများပြုလုပ်ရာတွင်လည်းကောင်း၊ ၄ွက်လှောင်အိမ်၊ ဖျာ၊ ကုလားထိုင်၊ အိပ်ရာနှင့် ပုခက်များပြုလုပ်ရာတွင်လည်းကောင်း ဝါးဖြင့်ပင်ပြုလုပ်လေ့ရှိကြသည်။ ထို့ပြင် ဝါး၏ရွေ့လက်နိုးကပ်လှုသည့်ကိစ္စများအတွက် ငြမ်းဆင်ကြရာတွင်လည်း ဝါးကိုပင် အသုံးပြုကြလေသည်။

ထိုမျှမက စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ဝါးသည် မပါမဖြစ်အရာပင်ဖြစ်ပြန်သည်။ မြန်မာနိုင်ငံတွင် ဝါးအဓိကစိုက်ပျိုးသောဒေသများမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိကြံခင်း၊ မြန်အောဇ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်ရှိကျေးရွာများ စသည်တို့ဖြစ်သည်။ ၎င်းတို့အနက် ကော့မှူးမြို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ဝါးယားနှင့်ထီးရိုးဝါးပုံပိုးပေးနေသည့် မြို့ဖြစ်သည်။ ငြမ်းဆင်သည့်ဝါးများသည် အများအားဖြင့် ဝါးယားများဖြစ်ကြပြီး ထိုဝါးမျိုးသည် ကွေးညွတ်ခြင်းကို ခံနိုင်ရည်ရှိကြသည်။ ဝါးဖြင့် ဝါးမီးသွေးကိုပါ ပြုလုပ်နိုင်သောကြောင့် သဘာဝလောင်စာအဖြစ်လည်း အသုံးပြုနိုင်ပြန်ပါသေးသည်။

ကမ္ဘာကြီးပူနွေးလာမှုနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများအပေါ် ခြိမ်းခြောက်နေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များထုတ်လွှတ်နေချိန်တွင် ဝါးပင်များသည် အခြားသောသစ်ပင်များထက် အောက်ဆီဂျင် ၃၅ ရာခိုင်နှုန်းပို၍ ထုတ်လွှတ်ပေးနေသည်။ ဂျပန်နိုင်ငံနှင့်အခြားသောနေရာများမှသုတေသနပြုလုပ်ချက်များအရ ဝါးပင်များသည် တစ်နှစ်လျှင် တစ်ဟက်တာ အမျိုးမျိုးဖြင့်အသုံးပြုခဲ့ကြသည်။ အရှေ့တောင်အာရှရှိ ဒေသအချို့နှင့် အမေရိကအလယ်ပိုင်းတွင် ဝါးသည်စီးပွားရေးအရ တန်ဖိုးရှိသော မျိုးစိတ်တစ်ခုဖြစ်သောကြောင့် ဝါးအသုံးပြုခြင်းကို ကန့်သတ်ချက်များဖြင့်သတ်မှတ်ထားသည်။

ဝါးပင်များသည်ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို စုပ်ယူခြင်း၊ အောက်ဆီဂျင်ဓာတ်ကို ပြန်လည်ထုတ်ပေးခြင်း၊ အစိုဓာတ်ရှိနေချိန်တွင် စုပ်ယူထားရှိပြီး လုံးဝခြောက်သွေ့ချိန်တွင် အစိုဓာတ်များပြန်လည်ထုတ်ပေးခြင်း စသည်ဖြင့် ပတ်ဝန်းကျင်ကိုအကျိုးပြုသည်။ ထို့ကြောင့် ဝါးပင်များသည် လူ၊ တိရစ္ဆာန်၊ သစ်ပင်များနှင့်သဘာဝတောတောင်အတွက် အလွန်အရေးပါသောအပင်ဖြစ်သည်။ အမှန်စင်စစ်ဝါးပင်များသည် မြက်ပင်မိသားစုဖြစ်သော်လည်း ထူးခြားဆန်းပြားသောအချက်အလက်များ ရှိနေကြသည်။ တစ်ရာသီအတွင်းမှာပင် လိုအပ်သည့်အမြင့်ပမာဏကိုရောက်ရှိနိုင်သည်။ အထူးသဖြင့် ဝါးပင်၏အမြစ်ဖွဲ့စည်းမှုသည် ကျစ်လျစ်ခိုင်မာသည့်အတွက် မြေဆီလွှာရေတိုက်စားမှုကို ကာကွယ်ပေးသည်။ စနစ်တကျခုတ်ယူပါက အခြားသစ်ပင်များကဲ့သို့ အသစ်ပြန်စိုက်ရန်မလိုဘဲ ပြန်ပေါက်သည့်အတွက် ပြုန်းတီးရန် ခက်ခဲသည့်အပင်မျိုးဖြစ်သည်။

အပူပိုင်းဒေသ ကမ္ဘာ့နိုင်ငံတိုင်းတွင် ဝါးနှင့်ကင်းလွတ်သော ကျေးလက်ဒေသဟူ၍မရှိချေ။ ဝါးမျိုးနွယ်ပင်မျှစ်ကို အင်္ဂလိပ်လို Bamboo Shoots (Bamboo Sprouts)ဟုခေါ်ပြီး ရုက္ခဗေဒအရ Bambusa vulgaris, Phyllostachys edulis ဟုခေါ်သည်။ ရက်သတ္တာနှစ်ပတ်သားမတိုင်ခင် ဝါးပင်ပေါက်အရွယ်မှာ ချိုးယူ၍ မျှစ်အဖြစ် စားသောက်နိုင်သည်။ မျှစ်ကိုချက်ချင်းလက်ငင်းချိုးပြီး စားသုံးနိုင်သကဲ့သို့ မျှစ်ချဉ် သို့မဟုတ် မျှစ်ခြောက်များအဖြစ် တာရှည်ခံအောင်ထား၍လည်း စားသုံးနိုင်သည်။ ဝါးပင်မှရသောမျှစ်သည် ရင်ကျပ်၊ ချောင်းဆိုး၊ သလိပ်နိုင်ဆေးအဖြစ် လွန်စွာဆေးဖက်ဝင်သည်။ ထို့ပြင် သွေးထဲရှိမကောင်းသောကိုလက်စထရောအဆီများကျစေခြင်း၊ နှလုံးကို ပုံမှန်အလုပ်လုပ်စေခြင်း၊ ကိုယ်အလေးချိန်မတက်အောင် ထိန်းသိမ်းပေးခြင်း၊ ကိုယ်တွင်းကိုယ်ပရောင်ရမ်းနာများကို လျှော့ချပေးခြင်း၊ အမျိုးသမီးများကို သွေးသားသန့်စင်စေခြင်း စသည်ဖြင့်ကောင်းကျိုးပြုသည်။ ဝါးရွက်တွင် methanol ဓာတ်မြင့်မားစွာပါရှိနေပြီး ဝါးရွက်ပြုတ်ရည်သောက်ခြင်းဖြင့် ဝမ်းဗိုက်အတွင်းရှိ သန်ကောင်များကို သေစေနိုင်သည်။ တရုတ်ရိုးရာကုထုံးအဖြစ် ကိုယ်ဝန်ဆောင်များချောမွေ့စွာ မီးဖွားစေနိုင်ရန် ကိုယ်ဝန်ဆောင်နောက်ဆုံးလတွင် မျှစ်ကိုစားသုံးစေနိုင်ကြောင်းသိရှိရသည်။

ပြည်တွင်း၌ဝါးပင်များသည် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက်များစွာအသုံးဝင်သောကြောင့် နိုင်ငံတစ်ဝန်းတွင် ဝါးစိုက်ခင်းများကို မူဝါဒချမှတ်ကာ စနစ်တကျစိုက်ပျိုးသင့်ကြောင်း ပြည်တွင်းမှ စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားကြသည်။ မြန်မာနိုင်ငံတွင် အလှစိုက်ပင်များ၊ လူ့အသုံးအဆောင်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများပြုလုပ်ရောင်းချရာတွင် ဝါးပင်များကို ခုတ်ယူသုံးစွဲသူသာများပြားပြီး ပြန်လည်ပြုစုပျိုးထောင်စိုက်ပျိုးရန် တာဝန်မဲ့မှုများကြောင့် လူအများလက်လှမ်းမီရာ တောစပ်နေရာများတွင် ဝါးပင်များနှင့်ဝါးရုံတောများရှားပါးလာသည်။ ယခင်က တောစပ်များ၌ပင် ခုတ်ယူနိုင်သောဝါးများကို ယခုအခါ တောအတွင်းပိုင်းထဲအထိ ဝင်ရောက်ခုတ်ယူနေရခြင်းကြောင့် သယ်ယူစရိတ်များပိုမိုကုန်ကျကာ ဝါးဈေးများမြင့်တက်လာသလို ဝါးအသုံးပြုရသော လူသုံးပစ္စည်းများလည်း ဈေးတက်လာသည်။


ဝါးခုတ်သူများအနေဖြင့် ၎င်းတို့ခုတ်ယူလိုက်သောနေရာများတွင် ဝါးပင်များကို ပြန်လည်အစားထိုး စိုက်ပျိုးလေ့မရှိသလို စိုက်ပျိုးရေးနည်းစနစ်များကိုလည်း သေချာစွာ သိရှိသူနည်းပါးကြသည်။ ယနေ့အချိန်တွင် ဝါးစိုက်ပျိုးနည်းများကို မြန်မာနိုင်ငံ ဝါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှနေ၍ သင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လူမှုကွန်ရက် **စာမျက်နှာ ၁၄ သို့** ❐

❐ **စာမျက်နှာ ၁၃ မှအဆက်**

စာမျက်နှာများတွင်လည်း ဝါးစိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းသိရသည်။ နိုင်ငံတော်ကလည်း ဝါးစိုက်ပျိုးလိုသူတောင်သူများအား ဝါးပျိုးပင်များဖြန့်ဝေပေးလျက်ရှိနေသည်။ မြန်မာနိုင်ငံတွင် တနင်္သာရီဒေသမှ ကချင်ပြည်နယ်အထိ ဝါးပင်များစိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် **"ငှက်ပျော ကဆုန် ဝါးနယုန်"** ဆိုသည့်အတိုင်း မူဝါဒချမှတ်ပြီး စနစ်တကျ စိုက်ပျိုးပါက အောင်မြင်မှုရရှိနိုင်သည်။ ထို့ပြင် အရည်အသွေးကောင်းမွန်သော ဝါးကုန်ကြမ်းများကို ပြည်ပနိုင်ငံများကလည်း ဝယ်ယူလေ့ရှိသဖြင့် အဆင့်မြင့်နည်းပညာများနှင့် အရည်အသွေးမြင့်စေသော ဝါးမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်ပါက နိုင်ငံခြားသို့ အမြောက်အမြားတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးကိုစနစ်တကျလုပ်ဆောင်နိုင်ပါက ပြည်ပပို့ကုန်အဖြစ် အားထားနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တိုးပွားစေမည်ဖြစ်သည်။ ဝါးပျိုးထောင်မှုအနေဖြင့် ဝါးဘေးကိုင်းတက်အသုံးပြုမျိုးပွားနည်း၊ ဝါးအဆစ်ဖြတ်ပိုင်းများ အသုံးချမျိုးပွားနည်း၊ ပင်ပွားခွဲ၍မျိုးပွားနည်းနှင့် တစ်နှစ်သား ဝါးအမြစ်ဆုံကို အသုံးပြုမျိုးပွားနည်းတို့ဖြစ်သည်။ မေလနှင့်ဇွန်လတွင် မျိုးပွားပျိုးထောင်ရပြီး ပျိုးထောင်ပြီးနောက် ငါးနှစ်မှ ခုနစ်နှစ်အတွင်း စီးပွားဖြစ်ဝါးထုတ်ယူနိုင်မည်ဖြစ်သည်။ ဝါးသယံဇာတများရေရှည်တည်တံ့ပြီး အရည်အသွေးမီဝါးများ စဉ်ဆက်မပြတ်ထုတ်ယူနိုင်ရန် စနစ်ကျသည့်ဝါးခုတ်ယူမှုကိုဆောင်ရွက်ရပေမည်။ ဝါးရုံများကို အရုံလိုက်အပြောင်ခုတ်ယူခြင်းမပြုဘဲ ဝါးရုံသန်စွမ်းမှုအတွက် ချန်လှပ်ထိန်းသိမ်းထားရမည်။ မုတ်သုံမိုးကျပြီး ဇွန်လ၊ ဇူလိုင်လမျှစ်ထွက်ချိန်နှင့် ဝါးပင်ကြီးထွားရာသီဇွန်လမှအောက်တိုဘာလအတွင်း ဝါးခုတ်ယူမှုမပြုသင့်ပေ။ နိုဝင်ဘာလမှစ၍ မေလအထိ ဝါးထုတ်ယူပါက ဝါးတွင်းအချိုခတ်ကျဆင်းချိန်ဖြစ်၍ အသုံးပြုရာတွင်လည်း တာရှည်ခံနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ဝါးနှင့်ကြိမ်သယံဇာတပေါကြွယ်ဝသော်လည်း ကုန်ကြမ်းမှကုန်ချောထုတ်လုပ်မှု အားနည်းနေသည့်အတွက် ကုန်ချောထုတ်လုပ်သည့်နည်းပညာပိုင်ဆိုင်မည်ဆိုပါက ယခုထက်မကနိုင်ငံစီးပွားတိုးမြင့်စေမည်ဖြစ်ပေသည်။ ဝါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးကို စနစ်တကျလုပ်ဆောင်နိုင်ပါက ပြည်ပပို့ကုန်အဖြစ် အားထားနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ရေရှည်တည်တံ့မှုကိုစဉ်းစားပြီး နှစ်စဉ်ထွက်ရှိနိုင်မည့်ပမာဏထက်မကျော်ဘဲ ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဝါးအခြေခံစက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။



အချုပ်အားဖြင့်ဆိုသော်ကမ္ဘာ့ကြီးထွားမှု အမြန်ဆုံးအပင်ဖြစ်သည့် ဝါးပင်သည် မြေဩဇာ၊ မြေဆီလွှာနှင့် မြေထိန်းသီးနှံအဖြစ် လည်းကောင်း၊ ရေအရင်းအမြစ်ထိန်းသိမ်း သီးနှံအဖြစ်လည်းကောင်း သဘာဝအတွက်များစွာအကျိုးပြုလျက်ရှိနေသည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိဝါးမျိုးစိတ်များသည် တောင်တန်းဒေသ၊ ကုန်းမြင့်ဒေသအပါအဝင် ဒေသမရွေးစိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ ဝါးကိုဒေသရိုးရာအဖြစ် အဆောက်အအုံဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်းအပါအဝင် အသုံးအဆောင်အမျိုးမျိုးပြုလုပ်ခြင်းတို့တွင် အသုံးဝင်ပြီး ထိုလုပ်ငန်းများကြောင့် ကျေးလက်ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေနိုင်သည်။ စီးပွားဖြစ်ဝါးစိုက်ခင်းများအနေဖြင့် ထူထောင်စိုက်ပျိုးကြမည်ဆိုပါက မျှစ်ချိုဝါးမျိုးသည် အဓိကစိုက်ပျိုးသင့်သည့်ဈေးကွက်ဝင် ဝါးအမျိုးအစားဖြစ်ကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းမှသိရသည်။ မျှစ်ချိုဝါးသည် အပူပိုင်းနှင့်အအေးပိုင်းရာသီဥတုအမျိုးမျိုးနှင့်ကုန်းမြင့်ဒေသ၊ မြေနိမ့်ဒေသနှစ်မျိုးလုံးတို့၌ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ဝါးအမျိုးအစားဖြစ်ကြောင်း သိရသည်။ မျှစ်ချိုဝါးကို နှီးဖြာသည့်လုပ်ငန်း၊ ထရံရက်သည့်လုပ်ငန်း၊ ဖျာရက်သည့်လုပ်ငန်းများတွင် အသုံးပြုနိုင်သည့်အပြင် ဝါးအသားထူသည့်အတွက်ပရိဘောဂလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင်လည်း အသုံးပြုကြကြောင်း သိရသည်။

ဤကားမှတ်သားသိရှိခဲ့ရသမျှ ဝါးနှင့်ပတ်သက်သည့် ဗဟုသုတများပင်ဖြစ်ပါတော့၏။ ။

# ကျိုက်ထိုမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးစုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျိုက်ထို ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၂ ရက် နံနက်ပိုင်းတွင် ကျိုက်ထိုမြို့ မြောက်ပိုင်းရပ်ကွက်ရှိ ဘုရားသုံးဆူ တောင်ပေါ်ကြီးထိုင်တော်မူ ဂေါတမမြတ်စွာဘုရားတောင်ခြေ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်သည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များပူးပေါင်း၍ ဘုရားသုံးဆူတောင်ပေါ်ကြီး ထိုင်တော်မူဂေါတမမြတ်စွာဘုရားဝင်းအတွင်း သန့်ရှင်းမှုရှိစေရေး၊ ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပစေရေး၊ ဘုရားဖူးသွားလာသူများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၄၂၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၄၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၃၇၊ ၀၅၉-၂၀၂၄၀၃၈၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈၈
(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(၌) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(၍) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(၎) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဝ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မူပိုင်ခွင့်ချိုးဖောက်မှုများတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ




နေပြည်တော် ဖေဖော်ဝါရီ ၂၂

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၏ အမျိုးသားအဆင့်မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာ ၄.၈ အရ မူပိုင်ခွင့်မှုခင်းများအား စစ်ဆေးစီရင်မည့် တရားသူကြီးနှင့် တရားရေးအရာရှိများကို မူပိုင်ခွင့်ဆိုင်ရာအသိပညာများ ဖြန့်ဝေပို့ချပေးရန်၊ မဟာဗျူဟာ ၆ အရ မူပိုင်ခွင့်ချိုးဖောက်မှုများကိုတားဆီးကာကွယ်နိုင်စေခြင်းငှာ သက်ဆိုင်ရာ တရားသူကြီးများကို လေ့ကျင့်သင်ကြားပေးရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာရည်မှန်းချက် ၅.၂ ပါ မူပိုင်ခွင့်ဥပဒေများနှင့်စပ်လျဉ်းသည့် အသိပညာပေးအစီအစဉ်များဆောင်ရွက်ရန်ရည်ရွယ်၍ မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Awareness Seminar for the Enforcement of Intellectual Property Rights)ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ၌ ပူးတွဲစနစ်(In-person/Virtual)ဖြင့် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိလေးဦး၊ ကျောက်တံတားခရိုင်တရားရုံးနှင့် ပဲခူးမြို့နယ်တရားရုံးတို့မှ တရားသူကြီးနှစ်ဦး စုစုပေါင်းခြောက်ဦးတို့က မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီးကာကွယ်ရေးနှင့်သက်ဆိုင်သည့် Trademark Protection in Myanmar၊ Criminal Litigation regarding with Trademark in Myanmar၊ Protection of Well-known Trademark၊ Protection of Online Copyright Infringement in Myanmar၊ Monetary Relief for Copyright Infringements နှင့် Comparative Study of Damages Resulting from Trademark Infringement: Focusing on Statutory Damages ခေါင်းစဉ်များဖြင့် အသီးသီး တင်ပြဆွေးနွေးခဲ့ကြသည်။

အသိပညာပေးဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှ တရားရေးအရာရှိများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများနှင့်မြို့နယ်တရားရုံးများမှ တရားသူကြီးများတက်ရောက်ခဲ့ကြပြီး လူကိုယ်တိုင်တက်ရောက်သူ ၁၇၆ ဦး၊ အွန်လိုင်းဖြင့် တက်ရောက်သူ ၇၀၁ ဦး စုစုပေါင်း တရားသူကြီးနှင့်တရားရေးအရာရှိ ၈၇၇ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားနှင့် စက်မှုဝန်ထမ်းဟောင်းနှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိမြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ကျင်းပသည်။

ဦးစွာ စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိန်ရတုအထိမ်းအမှတ် မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်စပါးသည် နိုင်ငံ၏ မရှိမဖြစ်သည့် အခြေခံစားသောက်ကုန်ဖြစ်သလို အရေးပါသော ပြည်ပို့ကုန်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ GDP ကို တွက်ချက်ရာတွင်ပါဝင်သည့် ကဏ္ဍကြီးသုံးခုအနက် တစ်ခုဖြစ်သည့် လယ်ယာကဏ္ဍတွင် ဆန်စပါးလုပ်ငန်းသည် အဓိကကျသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒဖြစ်သည့် စားရေရိကွာဖူလုံရေး၊ MSME ကဏ္ဍနှင့် ပို့ကုန်မြှင့်တင်ရေး စသည့် မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဆန်စက်များလည်ပတ်မှု၊ ဆန်စက်များအဆင့်မြှင့်တင်မှု၊ တိုးချဲ့တည်ဆောက်မှု တို့နှင့်များစွာဆက်စပ်သက်နေကြောင်း။

အသေးစား၊ အငယ်စား ဆန်စက်များအနေဖြင့်လည်း ပဂ္ဂလိကစက်မှုမှတ်ပုံတင်ခြင်းအပြင် MSME မှတ်ပုံတင်ခြင်းကိုပါ ဆောင်ရွက်ပြီး နိုင်ငံတော်မှထောက်ပံ့ကူညီပေးနေသည့် MSME ချေးငွေများကိုလည်း လျှောက်ထားရယူနိုင်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ဆန်စက်



မှတ်ပုံတင်စနစ်ကို ပြန်လည်သုံးသပ်ပြီး နိုင်ငံတော်အစိုးရ၏ ဒစ်ဂျစ်တယ်စီးပွားရေး မူဝါဒများနှင့်ကိုက်ညီသည့် Online မှတ်ပုံတင်ခြင်းစနစ်ဖြင့် ဆောင်ရွက်နိုင်စေရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်ညှိနှိုင်း၍ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်တို့သည် အဆင့်မြင့်ဆန်စက်များ၊ လယ်ထွန်စက်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။


ဆက်လက်၍ အစီအစဉ်ဒုတိယပိုင်းအနေဖြင့် မြန်မာ့ဆန်စက်လုပ်ငန်း၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အခြေအနေများ၊ စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲများကျင်းပပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့မှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် ရွှေတိုဂုံစေတီတော်မြတ်ကြီး အရှေ့ဘက်မုခ်ရှိ စက်မှုဓမ္မာရုံ၌ ကျင်းပသည့် စက်မှုဝန်ထမ်းဟောင်းနှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင်စက်မှုဝန်ထမ်းဟောင်းအသင်း နာယကများဖြစ်သည့်ပြည်ထောင်စုဝန်ကြီး(ငြိမ်း)များနှင့် အသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားခြင်း၊ အသင်းအတွင်းရေးမှူးက ၂၀၂၄ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ရှင်းလင်းခြင်း၊ အမှုဆောင်အသစ်များ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းဟောင်းများ၏ ကျန်းမာရေး၊ ဝန်ထမ်းသား သမီးများ၏ပညာရေးလုပ်ငန်းများကို ထောက်ပံ့ကူညီပေးနိုင်ရန်အတွက် အလှူရှင်များက လှူဒါန်းသည့် အလှူငွေများလက်ခံပြီး တက်ရောက်လာသည့် ဝန်ထမ်းဟောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ (၅၀၀)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ “RC-Investments” Foundation မှ Director အား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ “RC-Investments” Foundation မှ Director Mr. Alexander S. SHATIROV အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဓာတ်သတ္တုကဏ္ဍဆိုင်ရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**★ ရှေ့ဖုံးမှအဆက်**


ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ Online လိမ်လည်မှု(Telecom Fraud)၊ Online လောင်းကစားမှုများ လုပ်ဆောင်နေသူများနှင့် ပါဝင်ပတ်သက်နေသူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသားဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် Online လိမ်လည်မှု(Telecom Fraud)၊ Online လောင်းကစားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပြတ်ပြတ်သားသား ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမဝင်ကုန်စည်စီးဆင်းမှုများနှင့် အကြမ်းဖက်မှုများတိုက်ဖျက်ရေး၊ သတင်းအချက်အလက်များဖလှယ်ရေးတို့တွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Songwit Noonpackdee၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maris Sangiampongsa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maris Sangiampongsa တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

# ရွာငံမြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း ကော်ဖီ ၁၂၅ ကေ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့

ရွာငံ ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း ကော်ဖီ ၁၂၅ ဇကေ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း ရွာငံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွာငံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ နှစ်ရှည်သီးနှံပင်ဖြစ်သော ကော်ဖီပင်များကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုဘဏ္ဍာနှစ်အထိ စုစုပေါင်းကော်ဖီစိုက်ဧက ၇၀၀၀ ကျော်အထိစိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ ထိုသို့ကော်ဖီပင်များ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကာ မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်မှန်းထားကြောင်း သိရသည်။

“ကော်ဖီပင်တွေက ရွာငံဒေသရဲ့ရာသီဥတုနဲ့ကိုက်ညီမှုရှိပြီး အောင်မြင်ဖြစ်ထွန်းတာကြောင့် တောင်သူတွေ ဝင်ငွေတိုးတက်ရရှိရေးအတွက် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိပါတယ်။ ကော်ဖီပင်တွေက နှစ်ရှည်သီးနှံပင်တွေဖြစ်တဲ့အတွက် ရာသီဥတုကိုလည်း သင့်တင့်မျှတအောင် ထိန်းသိမ်းပေးပါတယ်။ စိုက်ပျိုးတဲ့အခါမှာ အရိပ်ရအပင်တွေကြားမှာ စိုက်ပျိုးရပါတယ်”ဟု ရွာငံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးသန့်က ပြောသည်။

ထိုသို့တိုးချဲ့စိုက်ပျိုးရာတွင် ရွာငံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများကော်ဖီမျိုးကောင်းမျိုးသန့်ရရှိစေရန်နှင့်စိုက်ပျိုးနည်းပညာများပြန့်ပွားစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း ရွာငံမြို့နယ်အတွင်း ကော်ဖီစိုက်ဧကများကို ဆက်လက်တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကော်ဖီသည် တန်ဖိုးမြင့်ထုတ်ကုန်သီးနှံတစ်မျိုးဖြစ်ပြီး အရည်အသွေးမြင့်ကော်ဖီများကို ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပနိုင်ငံများသို့ တင်ပို့နေရခြင်းကြောင့် နိုင်ငံခြားဝင်ငွေရရှိနေကြောင်း၊ နှစ်စဉ်မြန်မာနိုင်ငံမှပြည်ပနိုင်ငံများသို့ကော်ဖီတန်ချိန် ၂၀၀၀ အထက်တင်ပို့နေရပြီး မြန်မာ့ကော်ဖီများသည် အရည်အသွေးကောင်းမွန်သောကြောင့် ပြည်ပမှကော်ဖီလုပ်ငန်းရှင်များက ကြိုက်နှစ်သက်ကာ ပြည်ပဈေးကွက်အခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်နေပြီး တခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm


❍ **ကျောဖုံးမှအဆက်**

ပူးပေါင်းဆောင်ရွက်မှုများရှိပြီး စီးပွားရေးဆိုင်ရာများတွင် နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍာပေါင်းစုံ၌ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားလိုအပ်သည့် အချိန်တိုင်း၌ အကူအညီများပေးအပ်ခဲ့မှု အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းများချမှတ်ဆောင်ရွက်ရာတွင် ကျွမ်းကျင်လုပ်ဆောင်သားများရရှိရေး၊ အခြေခံလိုအပ်ချက်များ ပြည့်စုံမှုရှိစေရေးတို့အပါအဝင် ရေရှည်အကျိုးကိုကြည့်၍ သုတေသနပြုစနစ်တကျတွက်ချက်ဆောင်ရွက်သွားမည်ဖြစ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ ရေနံနှင့်ဓာတုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးတို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သွားရန်အသင့်ရှိသည့် အခြေအနေများ၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စီးပွားရေးနယ်ပယ်ပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(၁၀၀)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး H.E. Maxim RESHETNIKOV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းကျွေးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပဉ္စမအကြိမ်ရုရှား-မြန်မာ အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေးသို့တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ဂုဏ်ပြုညစာစားပွဲဖြင့် ကြိုဆိုတည်ခင်းကျွေးခဲ့သည်။



ညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နှင့်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရိုန်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့က ဂုဏ်ပြုတက်ရောက်ကြသည်။

ထို့ပြင်ဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇိဇော့ဗ်နှင့် သံရုံးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ ညစာစားပွဲတွင် ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးက နှုတ်ခွန်းဆက်စကားများပြောကြားကြပြီး ညစာစားပွဲသို့ တက်ရောက်လာကြသူများက မြန်မာ-ရုရှားနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ပြီး အခွန့်ရှည်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ရှိ အားကစားလေ့ကျင့်ရေးစခန်းများနှင့် အားကစားကွင်း/အားကစားရုံများ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းယားလမ်းရှိ မြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိစစ်ဆေးသည်။

ဦးစွာ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသော အနောက်တိုင်းလေ့၊ ရိုးရာလေ့နှင့် ကန်း/ကယက်လေ့လော်အားကစားသမားများ၊ နည်းပြများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ စားရိပ်သာ၊ လေ့များထိန်းသိမ်းထားသော နေရာ၊ အမျိုးသား/အမျိုးသမီးအိပ်ဆောင်တို့ကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံရွှက်လေ့အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၊ စမ်းချောင်းပဒုမ္မာအားကစားကွင်း ဝူရှူးလေ့ကျင့်ရေးရုံ၊ ကျုံးကြီးလမ်းရှိ ကြက်တောင်အားကစားရုံနှင့် မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် အားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် မိုးလုံလေလုံအားကစားရုံတို့ကို ကြည့်ရှုစစ်ဆေး၍ နိုင်ငံ့ဂုဏ်ဆောင်ပြေးခုန်ပစ် အားကစားသမားဟောင်းများကို တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) စားရိပ်သာသို့ရောက်ရှိပြီး ကျောင်းသား/ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ နေ့လယ်စာအတူတကွစားသုံးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ရေကူးကန်သို့ သွားရောက်ပြီး ပရိသတ် ၄၅၀ ဆံ့ RC-2 နှစ်ထပ် ပွဲကြည့်စင်ဆောက်လုပ်ပြီးစီးမှုနှင့် ရေကူးကန်ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ အားကစားသမားများ လေ့ကျင့်ပစ်ခတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းအဖွဲ့ချုပ် သို့သွားရောက်ပြီး (၁၃)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအတွက် စခန်းသွင်းထားသော အားကစားနည်း ၁၂ နည်းမှ အားကစားသမားများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး မသန်စွမ်း၊ ပြေးခုန်ပစ်၊ အားကစားကွင်း Synthetic



ပြေးလမ်းပြုပြင်နိုင်ရေး မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် မြန်မာ့သိုင်းသင်တန်းကျောင်းတွင်လက်ရွေးစင် အားကစားသမားများ၏ သရုပ်ပြသမှုများကိုလည်းကောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း ရွှေပင်လုံရှိ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံအားကစားကွင်းအတွင်းရှိဘောလုံးကွင်း (၁) နှင့် (၂) တို့၌ ISPE ဘောလုံးအသင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းမှ ပြေးခုန်ပစ်အားကစားသမားများနှင့်ဘောလုံး (ကျား/မ) အသင်းတို့လေ့ကျင့်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ဘတ်စကက်ဘောအားကစားအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးတို့ကို ကြိုးစားဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Minister of Foreign Affairs of Thailand H.E. Mr. Maris Sangiampongsa and delegation
# Will promote bilateral cooperation in multiple sectors

NAY PYI TAW February 22

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Minister of Foreign Affairs of Thailand H.E. Mr. Maris Sangiampongsa at the parlour of Bayintnaung Villa here this morning.

During the meeting, views on further cementing the existing friendship and cooperation between the two countries and armed forces, taking of severe legal action against persons operating telecom frauds and online gambling, with the participation of international organization and neighbouring countries, through careful investigation, harsh legal action taken by Myanmar in launching anti-telecom fraud and anti-online gambling campaigns as a national duty, continuous bilateral cooperation in ensuring peace and stability, rule of law, anti-illicit trade, anti-terrorism and information sharing operations at the border areas, Myanmar's efforts to hold a free and fair general election, and promotion of bilateral cooperation in multiple sectors were cordially exchanged.

After the call, the Senior General and the Thai Foreign Minister exchanged commemorative gifts.

Also present at the call together with the Senior General were SAC Joint Secretary General Ye Win Oo, union ministers and senior military officers. The Thai FM was accompanied by Commander-in-Chief of Thai Royal Armed Forces Gen. Songwit Noonpackdee, the Thai ambassador to Myanmar, the Thai military attaché and officials.**100**



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing holds talks with Minister of Foreign Affairs of Thailand H.E. Mr. Maris Sangiampongsa.

# A delegation led by Minister of Economic Development of the Russian Federation calls on SAC Chairman Prime Minister Senior General Min Aung Hlaing



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing receives a delegation led by Minister of Economic Development of the Russian Federation H.E. Maxim RESHETNIKOV.

NAY PYI TAW February 22

A delegation led by Minister of Economic Development of the Russian Federation H.E. Maxim RESHETNIKOV called on Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the Credentials Hall of the Office of the State Administration Council Chairman in Nay Pyi Taw this afternoon.

At the call, they cordially discussed good relations and cooperation between Myanmar and the Russian Federation, further promotion of mutual economic cooperation in all arenas and sectors, aid provided by the Russian Federation to Myanmar whenever the latter faced natural disasters and other necessary conditions, promotion of investment in Myanmar, arrangements to conduct research with systematic analyses for the long term aspects to have skilled labourers and infrastructures in adopting the plans, readiness of the Russian Federation to put investments in generating electricity and producing fertilizer, oil and chemical products which are essential for Myanmar, plans to hold talks about bilateral cooperation between the two countries and enhance investments of private sector, and further cooperation in all economic arenas between Myanmar and Russia.

Also present at the meeting were SAC Joint Secretary General Ye Win Oo, Union ministers, the Governor of Central Bank of Myanmar, and officials. The Russian Minister of Economic Development was accompanied by officials from the Russian Federation.

After the meeting, the Senior General and the Russian Minister of Economic Development exchanged gifts and had documentary photos taken.

**100**

# Palin Kanthaya Elephant Camp prepares for Thingyan Festival

NYAUNGU February 22

According to the camp's official, plans are underway for visitors to enjoy the water festival during the upcoming Thingyan at Palin Kanthaya Elephant Camp.

It is located near Palin (West) Village on the Myingyan-Pakokku highway, NyaungU Township, Mandalay Region, on the bank of the Ayeyawady River.

Preparations include installing floating buoys, water pipes, and sprinkles in March and renovating guest tents.

"For Thingyan, we have plans to start next month. We plan to organize water play in the river during Thingyan, provide more food services, and photo scenes. We have started working. The buildings are already there. We will renovate the floating buoys and buildings, reinstall the water pipes and prepare the sprinkles so that visitors can play water. We are currently renovating the tents for visitors to rest," said U Myo Min Ko, head of the camp.

Palin Kanthaya Elephant Camp received thousands of visitors from the Thingyan period last year until the Myanmar New Year.

"Last year, during the Thingyan Festival, there were a lot of visitors to the elephant camp. The number was about 500 per day with almost a thousand on the New Year. There were many donors as well as vacationers. There are still few tourists during this period, but we expect them to increase during Thingyan," he said.

**SMK**

# Peanuts planted on more than 24,000 acres of croplands in Mingin Township

MINGIN February 22

Local farmers in Mingin Township of Sagaing Region have completed cultivation of 24,101 acres of peanut as cold season crops, according to the statistics of Mingin Township Department of Agriculture.

In 2024-2025 cold season, Mingin Township earmarked 24,558 acres of peanut but local farmers have so far planted 14,101 acres of crops against the target cultivation.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department explained: "This cold season, local authorities earmarked 24,558 acres of peanut as cold season crops but farmers have grown 24,101 acres. They are trying hard to meet the target cultivation. Peanut plantations are thriving in the township. Sown acreage of peanut is on the rise yearly."

Farmers use 1.5 baskets of peanut seeds peracre and cost more than Ks-200,000 per acre for quality seeds, labour charge, fertilizers and pests. But, the crops yield more than 50 baskets of peanut per acre.

This year, agricultural staff make field trips to the croplands for checking thriving crops, prevention of pests and removal of weeds.

**SK**

# 850,000 pieces of fresh arecas sent to Yangon market



DANUBYU February 22

"Merchants from Danubyu Township of Ayeyawady Region sent 850,000 pieces of fresh arecas to Yangon market," said Daw Aye Thet, the owner of areca trading wholesale centre in Danubyu Township.

Daw Aye Thet remarked: "We dispatched fresh areca fruits to Yangon market which received high demand from foreign market. Currently, areca fruit fetches Ks-8,500 per 100 pieces depending on quality. Due to high demand from Yangon market, local areca farm owners and those in production chains are convenient in their livelihoods."

Merchants go right down to areca palm farms in Danubyu Township to purchase the fruits with systematic packaging process to be sent to Yangon market. In fact, Yangon market is a focal point to distribute all kinds of stocks to markets in other regions across the nation.

**SMK**

# Cucumber from Yekyi Township in high demand at domestic market

YEKYI February 22

"Cucumber from Yekyi Township of Ayeyawady Region is in high trading at the domestic market," said Daw Ei Phyo, the green grocery trader in Yekyi Township.

The domestic market manages sale of 20,000 to 35,000 pieces of cucumber per day in Yekyi Township starting from January 2025. At present, cucumber fetches Ks-9,500 per 100 pieces.

Daw Ei Phyo disclosed: "Other townships purchase cucumber from Yekyi Township with high demand. In fact, cucumber is a domestic product of Yekyi Township. Now, the market manages quality crops. Local people can consume quality and healthy cucumber. Thanks to high demand of cucumber, local farmers can earn increased incomes."

Yekyi Township harvests various seasonal vegetables including cucumber. Local farmers prepare to expand sown acreage of cucumber to produce more number of vegetables. Trading of domestic products can reduce transport charge to the market.

**SK**



# Sagaing Township cultivates over 26,000 acres of chickpeas

SAGAING February 22

Sagaing Township, located in Sagaing Region, has successfully planted 26,911 acres of chickpeas during this planting season, surpassing last year's acreage by two acres, according to the Sagaing Township Agriculture Department.

"We are assisting farmers with technology and guidance through our field staff, promoting the use of high-yielding varieties suitable for the region, enhancing planting systems, and ensuring effective pest and disease management," said U Myo Thant Aung, head of the Township Agriculture Department.

"Chickpeas are typically grown as a mid-season crop after paddy. This year, the planting season has been particularly wet, and the chickpea fields are flourishing. We have continuously provided knowledge on pest prevention and seed treatment methods before sowing," added a field official.

Chickpeas are being cultivated across 65 village tracts, and the area under cultivation has increased compared to the same period last year.

**SK**

# 'A lot of problems' for Kiev without minerals deal – Trump

WASHINGTON February 22

Ukraine will face "a lot of problems" if it doesn't agree to sign over the rights to a large chunk of its natural resources to the US, President Donald Trump has warned.

Ukrainian leader Vladimir Zelensky first floated the idea of granting Washington access to his country's rare-earth minerals back in October. Earlier this month, Trump said he would pursue a deal and demanded the "equivalent of US$-500 billion" worth of natural resources, as compensation for aid provided to Ukraine throughout its conflict with Russia.

Speaking to reporters at the White House on Friday, Trump stated that "we're going to either sign a deal or there's gonna be a lot of problems with [Ukraine]." The US President added that an agreement would "hopefully [take place] in the next fairly short period of time," with Washington receiving "four or five hundred billion dollars back."

Trump criticized his predecessor, Joe Biden, over US aid to Ukraine, saying he "just gave them money. We're spending our treasure on a country that's very, very far away." In contrast, Trump claimed European countries would be reimbursed for their aid to Kiev as it is "in the form of a loan."

According to The Economist, citing anonymous sources, US Treasury Secretary Scott Bessent gave Zelensky just one hour to agree to a proposal during a visit to Kiev last week. The Ukrainian leader declined to sign the agreement.

At the Munich Security Conference last weekend, Zelensky told journalists he was seeking a "connection between some kind of security guarantees and some kind of investment."

The Associated Press quoted an unnamed official as describing the agreement in its current form as "colonial."

On Monday, White House National Security Council spokesman Brian Hughes accused Zelensky of being "short-sighted about the excellent opportunity the Trump administration has presented to Ukraine."

Amid the back-and-forth, a senior Ukrainian lawmaker claimed on Thursday that the US had halted weapons sales to Kiev.

On Saturday, Reuters cited anonymous sources as alleging that the US has also threatened to block the Ukrainian military's access to Elon Musk's Starlink internet terminals if it continues to dig its heels in on a minerals deal.

According to the 2024 World Economic Forum report, Ukraine "holds immense potential as a major global supplier of critical raw materials" that could be "essential" for defense, the technology sector, and green energy. Much of those resources are, however, located in the Donetsk and Lugansk People's Republics, which joined Russia in 2022. **RT**

# Eight workers trapped, many injured as tunnel collapses in India's Telangana

NEW DELHI February 22

At least eight workers were trapped and many others injured Saturday after a portion of an under-construction tunnel collapsed in the southern Indian state of Telangana, officials said.

The collapse took place in the Srisailam Left Bank Canal tunnel in Nagarkurnool District, about 207 km south of Hyderabad, the capital city of Telangana.

According to the officials, the tunnel collapsed when some workers were repairing a leak inside.

Reports said 50 workers were in the tunnel at the time of the accident.



While some managed to escape, eight workers were feared trapped inside, an official said.

Rescue operations have been carried out. **Xinhua**

# Heavy snowfall continues in parts of Japan



TOKYO February 22

A powerful cold air mass has brought heavy snowfall across Japan, particularly on the Sea of Japan side, with some areas reporting snow accumulation significantly above the seasonal average.

Ishikawa Prefecture experienced its heaviest snowfall on record on Saturday, with Wajima City recording 27 cm of snow in just six hours, matching the previous record set in December 2023, national broadcaster NHK reported.

Snow accumulation has also reached extreme levels in other areas, including 3.69 meters in Tsunan, Niigata Prefecture, and 3.23 meters in Hijiori, Yamagata Prefecture.

The winter pressure pattern is expected to persist, leading to continued heavy snowfall. By the evening of Sunday, Niigata Prefecture is forecasted to receive up to 60 cm of snow, while the Tohoku, Hokuriku, and Kinki regions may see snow up to 50 cm, 40 cm, and 30 cm, respectively.

The unusual snow levels are also expected to impact typically less affected areas such as central Kinki and Shikoku.

The Japan Meteorological Agency warned that snowfall will continue intermittently through Monday, urging caution over potential transportation disruptions and avalanches.

**Xinhua**

# Tourist injured in stabbing attack at Berlin Holocaust memorial

Berlin February 22

German police have apprehended the man who allegedly stabbed a Spanish tourist at the site of Berlin's iconic Holocaust memorial on Friday.

The attack took place in the German capital's downtown Mitte District, two days before the Bundestag election.

According to the news agency RBB, the suspect unexpectedly stabbed a man in the field of concrete slabs, which comprise the monument honoring the Jews killed by the Third Reich. The victim has been hospitalized and is in stable condition.

The suspect approached a group of police officers later that day. Police spokesman Florian Nath told reporters that the assailant had blood on his hands when he was detained.

"There is no information about the man's identity as of yet. The weapon has not been recovered," Nath said.

Germany has seen a wave of terrorist attacks in recent months. In December, a Saudi-born anti-Islam activist drove an SUV into a crowd at a Christmas market in Magdeburg, killing six and injuring at least 299 more. In August 2024, a Syrian refugee fatally stabbed three people in Solingen, and, last month, an Afghan asylum seeker stabbed an adult and a toddler in Aschaffenburg.

**RT**

# Trump deems Zelensky "not very important" at peace talks

WASHINGTON February 22

U.S. President Donald Trump on Friday depicted Ukrainian President Volodymyr Zelensky's presence at peace talks as "not very important."

In an interview on Fox News Radio's The Brian Kilmeade Show on Friday, Trump criticized Zelensky's handling of the war. "I've been watching this man for years now, as his cities get demolished, as his people get killed, as the soldiers get decimated."

Trump went on to accuse Zelensky of lacking leverage in negotiations. "He has no cards," said Trump.

The American president said that Zelensky's participation in talks over the past three years had not led to any substantial progress.

"He's been at meetings for three years, and nothing got done," Trump said.

While acknowledging the devastation in Ukraine, Trump argued that Zelensky's involvement in peace talks has made it more difficult to reach deals. "He makes it very hard to make deals. But look what's happened to his country, it's been demolished." **Xinhua**

# 126 more illegal foreign migrants to Myanmar detained

NAY PYI TAW February 22

The government has cracked down on those who are involved in online gambling and scams and criminal activities in Shwe-Kokko and KK Park - Myawady in Kayin State after transiting some neighbouring countries including Thailand and illegally entering Myanmar through border routes and 126 more foreigners were detained today.

Combined teams of relevant departments are collecting their personal information and documents within a day in order to repatriate them to relevant countries as soon as possible.

Between 30 January and 22 February, 2025, a total of 2,111 illegal foreign migrants were uncovered and detained and 673 of them have been repatriated to relevant countries through Thailand in accordance with the law, rules and regulations. The remaining 1,438 illegal migrants are ready for repatriation and they have been detained properly.

The 2,111 illegal foreign migrants include citizens of China, Indonesia, Vietnam, Malaysia, Pakistan, India, Uganda, Ethiopia, Nepal, Thailand, Rwanda, Kenya, Kazakhstan, Cambodia and China (Taipei) and majority of them are from China. **100**



126 more illegal foreign migrants detained by authorities.

# 111 more Chinese nationals and one Thai national involved in telecom frauds and criminal activities handed over

NAY PYI TAW February 22

The government has been actively collaborating with neighboring countries and international organizations to investigate and crack down on online scams (Telecom Fraud) and criminal activities. As part of these efforts, foreign nationals involved in such operations are being systematically handed over to their respective countries. Today, 111 Chinese nationals were transferred to their country via the Myanmar-Thai Friendship Bridge No. 2, while one Thai national was handed over through the Myanmar-Thai Friendship Bridge No. 1. These transfers were carried out in accordance with legal procedures, upholding humanitarian principles and fostering friendly relations between nations.

Most of the foreign nationals deported today had illegally entered and resided in Myanmar. They were reportedly coerced into participating in illegal online gambling, online scams, and other criminal activities in areas such as Shwe-Kokko and KK Park in Myawady Township, Kayin State. According to their confessions, nearly all of them had entered Myanmar illegally through border areas, transiting through neighboring countries.

To ensure the smooth and systematic execution of these deportation procedures, Deputy Police Chief Police Major General Tin Ko Ko and officials from the Myanmar Police Force under the Ministry of Home Affairs oversaw the process.

The handover ceremony was attended by Deputy Police Chief Police Major General Tin Ko Ko, Mr. Liu Ning Ning, Deputy Director General of the Criminal Investigation Department of the Ministry of Public Security of the People's Republic of China, and Police Colonel Ploen Klinpayom, Deputy Superintendent of the Tak Province Immigration Office No. 3, along with other officials. During the ceremony, Myanmar officials formally handed over the necessary documentation for the deportation and reception of the individuals to the respective country's authorities.

The government remains committed to rigorously investigating and exposing those involved in online scams and online gambling. In collaboration with neighboring countries and international organizations, particularly through trilateral cooperation between Myanmar, China, and Thailand, the government continues to actively identify and take action against such activities. Additionally, foreign nationals involved in these operations are being systematically deported to their respective countries. **100**



Among the Thai nationals who entered illegally, one individual was handed over on February 22.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား (၁၁၁) ဦးနှင့် ထိုင်းနိုင်ငံသား (၁)ဦး ထပ်မံလွှဲပြောင်းပေးအပ်





တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား (၁၁၁) ဦးနှင့် ထိုင်းနိုင်ငံသား (၁)ဦးတို့အား ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား (၁၁၁) ဦးကို မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့လည်းကောင်း၊ ထိုင်းနိုင်ငံသား (၁)ဦးကို မြန်မာ-ထိုင်း အမှတ် (၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်ပနိုင်ငံသား အများစုသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများတွင် ပါဝင်လုပ်ဆောင်ရန် စည်းရုံးစေခိုင်းခြင်း ခံခဲ့ကြရသူများဖြစ်ကြပြီး ၎င်းတို့၏ ဖွင့်ဟဝန်ခံချက်များအရ အားလုံးနီးပါးသည် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ရဲဗိုလ်ချုပ်တင်ကိုကိုနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်တင်ကိုကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဖြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ်အမှတ်(၃) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယဌာနမှူး ရဲမှူးကြီး Ploen Klinpayom နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ အထူးသဖြင့်မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်းသတင်းရရှိသည်။(၁၀၀)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့



မြဝတီ-ရွှေကုက္ကိုလ်နှင့် KK park နယ်မြေများသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်း လုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၂၁၁ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၃၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၂၁၁ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီယားနှင့် တရုတ် (တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂၂

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ ၀၃ မိနစ် ၃၀ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၇၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မတူပီမြို့၏အရှေ့ဘက် ၂၂ မိုင်ခန့် အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ၅၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၇၈ ဒီဂရီ၊ အနက် ၅၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသောမြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈၀၁)

# တောင်ကြီးမြို့၌ ဒစ်ဂျစ်တယ်အသိပညာ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်

တောင်ကြီး ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်ရှိ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရုံး၌ ဖေဖော်ဝါရီလ ၂၁ ရက်က ဒစ်ဂျစ်တယ် အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့် ဆိုင်ရာသင်တန်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက MSMEs လုပ်ငန်းများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဈေးကွက်အောင်မြင်မှုရရှိစေရန်နှင့် ယနေ့ မျက်မှောက်ခေတ်တွင် ဒစ်ဂျစ်တယ်နည်း ပညာသည် လွန်စွာအရေးပါလျက်ရှိပြီး နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် မဖြစ်မနေလိုအပ်လျက်ရှိကြောင်း၊ ဈေးကွက်ရရှိရေးကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် Traditional Marketing အပြင် Digital Marketing ကိုပါ ပူးတွဲ ဆောင်ရွက်ကြရန်လိုကြောင်း၊ Digital Marketing ကို အောင်မြင်အောင်ဆောင် ရွက်နိုင်ပါက လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပ ဈေးကွက်များကိုပါ ရရှိလာမည်ဖြစ် ကြောင်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် နည်းပညာများ၊ ငွေကြေးအရင်းအနှီးများနှင့် ဈေးကွက်ရရှိ ရေးကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပြီး မကြာမီ ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြု၍ Online မှတစ်ဆင့် လုပ်ငန်းမှတ်ပုံတင် များဆောင်ရွက်ပေးနိုင်ရေးအတွက် commerce website ဆောင်ရွက်နေပြီဖြစ် ကြောင်း၊ Online registeration ကို အသုံးပြု နိုင်မည်ဆိုပါက ဒေသအသီးသီးတွင်ရှိ သော အသေးစားစက်မှုလက်မှုလုပ်ငန်း ရှင်များအတွက် လုပ်ငန်းများ အလျင်မြန် ဆုံးဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိဖွင့်လှစ်ပြီး သင်တန်း သား၊ သင်တန်းသူ ၁၇ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်းသိရသည်။

(၄၀၅)

# တံတားမြို့နယ်၌ မူးယစ်ဆေးဝါး လူကုန်ကူးမှုတားဆီးရေး ယာဉ်စည်းကမ်း လမ်းစည်းကမ်း မှုခင်း အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး တံတားခရိုင် တံတားမြို့နယ် မင်းပိုင်းရပ်ကွက် မြဂိုး ကျေးရွာရှိ ငါးလုပ်ငန်းနှင့် ရေသတ္တဝါ မွေးမြူရေးဒီပလိုမာသင်တန်းကျောင်း၌ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုတားဆီးရေး၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်း၊ မှုခင်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၂၁ ရက်က ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးဒီပလိုမာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသူဇာမောင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၅၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး (တွံတေး)မှ ရဲအုပ်အောင်မျိုးကျော်က ယာဉ်စည်း ကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို ပြောကြားကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။



ဆက်လက်၍ တွံတေးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်မျိုးနိုင်က မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ယင်းနောက် တွံတေးမြို့နယ်ဥပဒေရုံး မှ ဒုတိယဥပဒေအရာရှိ ဒေါ်ကျော့ရှင်းဖြူက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေများအကြောင်းကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်း ပြသထားသော မူးယစ်ဆေးဝါး၊ လူကုန် ကူးမှုတားဆီးရေး အသိပညာပေး ပိုစတာများကို တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါ ဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **တွံတေးသား**

# ကော့ကရိတ်မြို့နယ် ပိတောက်ကုန်းကျေးရွာ၌ ကုန်ထုတ်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး


ကော့ကရိတ် ဖေဖော်ဝါရီ ၂၂

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသထုတ် ကုန်များ ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ပိတောက်ကုန်းကျေးရွာ၌ ကုန်ထုတ် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေ များကို ဖေဖော်ဝါရီလ ၂၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြ သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေစိုး နှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ပိတောက်ကုန်းကျေးရွာ၌ ကုန်ထုတ် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး က ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည် တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့် ရှောက်ကြရန် ကျေးရွာမှတာဝန်ရှိသူများ အား မှာကြားသည်။

ပိတောက်ကုန်းကျေးရွာ၌ အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေ၊ ထု ၈ လက်မရှိ ကွန်ကရစ်ကုန်ထုတ်တံတား တစ်စင်း၊ အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ ထု ၇ လက်မရှိ ကွန်ကရစ်ကုန်ထုတ်တံတား တစ်စင်း၊ Box Culvert နှစ်စင်းနှင့် ၂ လက်မ Pipe Culvert နှစ်စင်း တည် ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုငွေ ငွေကျပ် ၁၄၅ ဒသမ ၁ သန်းဖြင့် ၂၀၂၄ ခုနှစ် မေလပထမပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရ သည်။

ယင်းအတွက် အဆိုပါကျေးရွာရှိ ဒေသခံတောင်သူများ၏ သွားလာရေး အဆင်ပြေချောမွေ့လာသည့်အပြင် လယ် ယာမြေဧက ၇၀ မှထွက်ရှိသော လယ်ယာ ထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင် ပြီဖြစ်ကြောင်း သိရသည်။ **ဘိုဘို**




# သဲကုန်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးဆောင်ရွက်မှု လက်တွေ့ပြသ

သဲကုန်း ဖေဖော်ဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၉၄) စက်မှုလယ်ယာစခန်းတို့ ပူးပေါင်း၍ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါး စိုက်ပျိုးမှုကို ဖေဖော်ဝါရီလ ၂၁ ရက်က သဲကုန်းမြို့နယ် နွယ်ကောက်ကျေးရွာ အုပ်စု တဲကြီးကုန်းကျေးရွာ ကွင်းအမှတ် (၉၁၃) ရှိ တောင်သူဦးဇော်လေး၏ လယ်မြေ၌ လက်တွေ့ပြသဆောင်ရွက် ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းက လက်ဆွဲကောက် စိုက်စက်ဖြင့် စပါးစိုက်ပျိုးမှုကြောင့် ကောက်စိုက်လုပ်သားရှားပါးမှုကို ဖြေရှင်း ပေးနိုင်ပြီး လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ လုပ်သား အင်အားအနည်းငယ်ဖြင့် သက်သာစွာ စိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပိုမိုတိုးတက်ပြီးစီးခြင်း၊ ပင်ပွားနှုန်း ကောင်းမွန်ပြီး စပါးအထွက်နှုန်းကောင်း မွန်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိ နိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

ထိုသို့ နွေစပါးစိုက်ပျိုးခြင်းလက်တွေ့ ပြသနေမှုကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံ၊ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာန ဦးစီးမှူး ဦးအောင်ဝင်းနှင့် ဝန်ထမ်း များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သဲကုန်း မြို့နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံ တောင်သူများက ကြည့်ရှုလေ့လာကြ သည်။

သဲကုန်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် စပါး မျိုးကောင်းမျိုးသန့်တိုးပွားစေရန်နှင့် တစ် ဧကအထွက်နှုန်းတိုးတက်စေရန် ရည် ရွယ်၍ နွေစပါး ၁၇၅၄၂ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ **ချမ်းမြေ့**

# ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ရပ်ကွက်ရှိ ရန်အောင်မင်္ဂလာဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၄ ပါးနှင့် ဒေသခံပြည်သူ ၁၁၁ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ/ခရိုင်တရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးထပ်ဆင့်ရှင်းလင်း



ရန်ကုန် ဖေဖော်ဝါရီ ၂၂

နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၄ ရက်ထိ Virtual စနစ်ဖြင့်ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ/ခရိုင်တရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ Virtual ဖြင့်ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်စန္ဒာသွယ်ကာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ လမ်းညွှန်မှာကြားချက်များပါ တရားစီရင်ရေးနှင့် တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ထိခိုက်စေသည့်အမှုများကို လေးလေးနက်နက် ထားပြီး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ Judicial Collage ကို အာဆီယံဒေသအတွင်းတရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံနှင့်မိတ်ဖက်နိုင်ငံများက တရားသူကြီးများကိုဖိတ်ခေါ်၍ သင်တန်းများ၊ ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများ လက်ခံကျင်းပပေးနိုင်ရန်နှင့် မြန်မာတရားသူကြီးများ၊ တရားရေးအရာရှိများ၏ စွမ်းဆောင်ရည်တိုးမြင့်ရေးအတွက် လေ့ကျင့်ပျိုးထောင်နိုင်ရန်ရည်ရွယ်ပြီး ဇန်နဝါရီလ ၂ ရက်က Judicial Collage ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်မြန်မာ့တရားစီရင်ရေးကဏ္ဍမှာ AI (Artificial Intelligence) ကဲ့သို့သော ဉာဏ်ရည်တုနည်းပညာများကို အသုံးပြုနိုင်ရေးအတွက် သုတေသနစာတမ်းများ ပြုစုရေးသားလျက်ရှိကြောင်း ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တိုင်းဒေသကြီးတရားရေးဦးစီးမှူးကလည်း နိုင်ငံတော်ဘဏ္ဍာငွေများအား လေလွင့်ပြုန်းတီးမှုမဖြစ်ပေါ်စေရေး အထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ တရားသူကြီးများသည် မိမိဂုဏ်သိက္ခာထိန်းသိမ်းပြီး လျော်ကန်သင့်မြတ်စွာ ဝတ်စားဆင်ယင်ကြရန်လိုကြောင်း၊ သက်သေခံစွဲဆိုများ လျော့နည်းပျက်စီးပျောက်ဆုံးမှုမဖြစ်ပေါ်စေရေး အလေးဂရုပြုဆောင်ရွက်ရန်လိုကြောင်း စသည်ဖြင့် ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

အဆိုပါထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးတရားရေးလွှတ်တော်၊ ခရိုင်/မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၃၂၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၅၀၀)

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နယ်မြေခံတပ်မတော်သားများက ဖယ်ခုံမြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများက ကြည့်မြင်တိုင်မြို့နယ် သရက်တော(မြောက်)ရပ်ကွက်ရှိအရိုးဆေးရုံ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၂

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။


ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အပါအဝင် မြို့နယ်(၁၂) မြို့နယ်တို့၌လည်းကောင်း စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများနှင့် တက္ကသိုလ်များ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ဆိုးအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် အပါအဝင် မြို့နယ် ၃ မြို့နယ်တို့ရှိပြည်သူ့ဆေးရုံများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ဆိုးအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

မိုးလေဝသနှင့်ဧလေဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၂-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန်(၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၄-၂-၂၀၂၅ ရက်နေ့မှ ၂၇-၂-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




နေပြည်တော် ဖေဖော်ဝါရီ ၂၂

ယနေ့ည‌နေ ၄ နာရီအချိန်တိုင်းထွာချက်များအရ ကပွလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိလေဖိအားကြီးရပ်ဝန်းဒေသမှရွှေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွှေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွှေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ၂၄-၂-၂၀၂၅ ရက်မှ ၂၇-၂-၂၀၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့်မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၈လ)

## ကျောက်မီးသွေးများအား ပြည်ပမှတင်သွင်းခွင့်ပြုမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်တွင်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များလျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။ **(၅၀၀)**

# ကလေးနှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကလေးမြို့၊ စမ်းမြို့(ကွက်သစ်)ရပ်ကွက်၊ D-3 လမ်းတွင် ခန့်ဇဆွန့်မောင်းနှင်လာသည့် LAND CRUISER PRADO အမျိုးအစား မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ပလတ်စတစ်ဆပ်ပြာခွက် ၂၂၀ ဖြင့်ထည့်လျက် ဘိန်းဖြူ ၂ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရမွန်းလွဲ ၁ နာရီတွင် ကလေးမြို့နယ်၊ နတ်ကြီးကုန်းကျေးရွာအုပ်စု၊ အိပ်စွပ်ကျေးရွာရှိ မလားလ်နိပ်မောဓ်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ပလတ်စတစ်ဆပ်ပြာခွက် ၄၄၀ ဖြင့်ထည့်လျက် ဘိန်းဖြူ ၄ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့၍ စုစုပေါင်းဘိန်းဖြူ ၆ ဒသမ ၆ ကီလို (တစ်ကီလိုလျှင် သိန်း ၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၃၀၀) ကို လည်းကောင်း၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၂၁ ရက် နံနက် ၁၁ နာရီတွင် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ အာခါစျေးလမ်းတွင် စိုင်းကျော်(ခ) အိုက်စိုင်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ သုည ဒသမ ၃၅ ကီလို(တစ်ကီလိုလျှင် သိန်း ၁၅၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ် ၅၂ ဒသမ ၅ သိန်း) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်ရှိ စိုင်းမောင်ဆိုင်း ၄၁းရမ်းနေထိုင်သည့် နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၃ ကီလို(တစ်ကီလိုလျှင် သိန်း ၁၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀)နှင့် ဆိုင်ကယ် ၁ စီးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ငင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မလားလ်နိပ်မောနှင့်ခန့်ဇဆွန့်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | စဉ့်ကူ | ပုသိမ် | မြန်ကြီးနာ | ဧရိယာ | တာအဆ် | မော်လမြိုင် | လားရှိး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၃၂၅ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၆၅ | ၃၂၈၅ | ၄၅၅၀ | ၃၅၀၀ | ၃၃၀၀ | ၃၃၀၅ | ၃၃၀၅ | ၃၃၄၀ | ၃၃၆၀ | ၃၆၀၅ |
| 95 Ron | ၃၂၇၀ | ၃၃၈၅ | ၃၃၅၀ | ၃၂၈၅ | ၃၃၆၀ | ၃၄၀၅ | ၃၄၂၅ | ၃၃၄၀ | ၄၅၆၀ | ၃၆၃၅ | ၃၅၆၀ | ၃၄၀၀ | ၃၃၀၅ | ၃၃၆၅ | ၃၄၂၀ | ၃၆၇၅ |
| HSD (500 ppm) | ၂၇၆၅ | ၂၈၀၀ | ၂၈၄၅ | ၂၇၈၀ | ၂၈၀၅ | ၂၉၀၀ | ၂၉၂၀ | ၂၈၃၅ | - | ၃၁၃၀ | ၂၈၅၅ | ၂၈၅၅ | ၂၉၂၅ | ၂၈၉၀ | ၂၉၀၀ | ၃၁၇၀ |
| HSD (50 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | ၄၈၃၀ | ၃၅၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၇၀ | ၃၅၇၀ | ၃၈၂၅ |
| HSD (10 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | - | ၃၅၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၇၀ | ၃၅၇၀ | ၃၈၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၃၈ | ၃၁၃၂ |
| 95 Ron | ၃၀၉၄ | ၃၁၈၉ |
| HSD (500 ppm) | ၂၆၀၄ | ၂၆၈၅ |
| HSD (50 ppm) | ၃၂၄၁ | ၃၃၃၆ |
| HSD (10 ppm) | ၃၂၄၁ | ၃၃၃၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**
**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂၂

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက် မြန်မာစံတော်ချိန် ၀၅ နာရီ ၄၈ မိနစ် ၁၆ စက္ကန့်အချိန်တွင် ကျိုင်းတုံငလျင်စခန်းမှ အရှေ့ဘက် ၁၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ကျိုင်းတုံမြို့၏အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၇၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈လ)

# လျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လျင်ဘေးပညာပေးစာစောင်

### လျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်လျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။လျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၁

၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှိနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



### လျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။



ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။



ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင်များကို မြဲမြံစွာကိုင်ထားပါ။

၄

၂။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ လျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် လျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။




၅

၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



### လျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လေ့ကားများ အသုံးမပြုပါနှင့်။



၇

၁။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



### လျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃

၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် လျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

### လျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။


၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၈

၂။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၃။ တာဝါတိုင်များ၊မျော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

### မြန်မာနိုင်ငံ၏ လျင်ဇုန်များပြမြေပုံ




၇

### လျင်ပြင်းအားများ

| လျင် ပမာဏ ရစ်ချ်တာ စကေး | သက်ရောက်မှုရှိနိုင်ခြေ |
|---|---|
| ၂ အထက် | မသိသာသော အခြေအနေဖြစ်ပါသည်။ |
| ၂ နှင့် ၄ ကြား | လူအချို့သတိထားမိသည့် အခြေအနေဖြစ်သည်။ |
| ၄ နှင့် ၄.၉ ကြား | လူတိုင်းလိုလို ခံစားမိသော အခြေအနေဖြစ်သည်။ |
| ၅ နှင့် ၅.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင် မပြောပလောက်သော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၆ နှင့် ၆.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၇ နှင့် ၇.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံများတွင်ဆိုးရွားသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၈ နှင့်အထက် | ကြီးမားသော ပျက်စီး ပြိုကျမှုများ တွေ့ရသော အခြေအနေဖြစ်သည်။ |

လျင်သည် အလျားလိုက်နှင့် အထက်အောက်လှုပ်ရှားနိုင်ပြီး လျင်၏ပြင်းအား၊ အဆောက်အအုံ၏တည်ဆောက်ပုံ၊ တည်နေရာတို့အပေါ်မူတည်၍ ပျက်စီးမှုများ ကွာခြားနိုင်ပါသည်။




FDA- စ၅/ ၂၁၃၄၉/ ထလ

canesugarokt7 @gmail.com






အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘီလပ်မြေ

SIN MINN



ISO 9001
BUREAU VERITAS Certification
Excluding design
UKAS MANAGEMENT SYSTEMS



BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘီလပ်မြေ

BEST QUALITY CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘီလပ်မြေ

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၉၉၃၃၃၃၃၊ ၀၉ ၇၉၆၁၁၁၁၉၉၊ email : scfg.kyaukse@gmail.com

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ

PURE ARABICA COFFEE




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။




ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

Myanmar MOBILE MONEY

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ဖိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

# ပရီးမီးယားလိဂ်ပွဲစဉ်(၂၆) စပိန်လာလီဂါပွဲစဉ်(၂၅)နှင့် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၃) ပွဲကြိုသုံးသပ်ချက်



## မန်စီးတီး Vs လီဗာပူး

ကစားမည့်ရက်/အချိန်

(၂၃-၂-၂၀၂၃ ည ၁၁:၀၀ နာရီ)

နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

လီဗာပူး ၂ - ၀ မန်စီးတီး

လီဗာပူး ၁ - ၁ မန်စီးတီး

မန်စီးတီး ၁ - ၁ လီဗာပူး

နောက်ဆုံးကစားတဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်

မန်စီးတီး အိမ်(ရှုံး) အိမ်(နိုင်) ဝေး(ရှုံး)

လီဗာပူး ဝေး(သရေ) အိမ်(နိုင်) ဝေး(သရေ)

မန်စီးတီးအသင်းအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲက ထွက်ခွာခဲ့ရပြီဖြစ်လို့ ပရီးမီးယားလိဂ်ပြိုင်ပွဲ လက်ကျန်ပွဲစဉ်တွေမှာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ကိုသာ အာရုံစိုက်ရတော့မှာပါ။ မန်စီးတီးအသင်းအတွက် ဒီဘောလုံးရာသီမှာ ရလဒ်ပိုင်းတွေမတည်မငြိမ်ဖြစ်နေတယ်ဆိုပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက်က နော်တင်ဟမ်၊ဘုန်းမောက်စ်နဲ့ ချယ်လ်ဆီးအသင်းတို့နဲ့အတူ အားပြိုင်နေရလို့ ရမှတ်လိုအပ်ချက်တွေ ရှိနေပါတယ်။ မန်စီးတီးအသင်းတိုက်စစ်ပိုင်းမှာ ဟာလန်းပါဝင်နိုင်ဖို့မသေချာဘူးဆိုပေမယ့် မာမွတ် ခြေစွမ်းပြနေလို့ တိုက်စစ်ပိုင်းက အားကောင်းနေမှာ အမှန်ပါပဲ။ မန်စီးတီးအသင်းရဲ့ ဒီဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ ၁၂ ပွဲ ကစားပြီးချိန်မှာ ရှစ်ပွဲအနိုင်ရရှိထားပြီး နှစ်ပွဲသရေရလဒ်နဲ့ နှစ်ပွဲသာရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက အားရစရာရှိနေပါတယ်။

လီဗာပူးအသင်းကလည်း ချန်ပီယံဆုအတွက် အမှတ်ပေးဇယားထိပ်ဆုံးကနေ ဦးဆောင်နေပြီး အဆင့်(၂)နေရာက အာဆင်နယ်အသင်းကို ရှစ်မှတ်ဖြတ်တောက်ထားနိုင်တယ်ဆိုပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းနေတာကိုတွေ့ရမှာပါ။ လီဗာပူးအသင်းက နောက်ဆုံးကစားတဲ့ ပြိုင်ပွဲစုံငါးပွဲမှာ နှစ်ပွဲသာ အနိုင်ရရှိပြီး အဲဗာတန်အသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့နဲ့ သရေရလဒ်ထွက်ပေါ်ခဲ့သလို တစ်ပွဲရှုံးနိမ့်ထားလို့ ခြေစွမ်းပိုင်းအနည်းငယ်မတည်မငြိမ်ဖြစ်နေတာကို တွေ့ရမှာပါ။ လီဗာပူးအသင်းရဲ့ ပရီးမီးယားလိဂ် ပြိုင်ပွဲ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းမှာလည်း ၁၄ ပွဲ ကစားပြီးချိန်မှာ ရှုံးပွဲမရှိသေးဘူးဆိုပေမယ့် ငါးပွဲသရေရလဒ်ထွက်ပေါ်ထားပြီး ကိုးပွဲအနိုင်ရရှိခဲ့လို့ စွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာ မရှိပါဘူး။ ဒါပြင် လီဗာပူးအသင်းအတွက် ၂၀၂၂ ခုနှစ်က မန်စီးတီးအသင်းအိမ်ကွင်းမှာ အနိုင်ရရှိပြီးနောက် ပိုင်းနှစ်တွေမှာတော့ အမြဲရုန်းကန်ရလေ့ရှိနေပြီး မန်စီးတီးအသင်းအိမ်ကွင်းမှာ နိုင်ပွဲပျောက်ဆုံးခဲ့တာ နှစ်တွေနဲ့ချီနေတာကို သတိပြုရမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ လီဗာပူးအသင်းက ၁၆ ကြိမ်အနိုင်ရရှိပြီး မန်စီးတီးအသင်းက ၁၀ ကြိမ်ပြန်လည်အနိုင်ရရှိခဲ့ကာ ၁၄ ကြိမ် သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းက ကွာခြားမှုမကြီးမားလို့ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမယ့် မန်စီးတီးအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ခန့်မှန်းရလဒ်- မန်စီးတီး ၂ - ၁ လီဗာပူး

## ရီးယဲလ်မက်ဒရစ် Vs ဂီရိုနာ

ကစားမည့်ရက်/အချိန်

(၂၃-၂-၂၀၂၃ ည ၉:၄၅ နာရီ)

နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဂီရိုနာ ၀ - ၃ ရီးယဲလ်မက်ဒရစ်

ရီးယဲလ်မက်ဒရစ် ၄ - ၀ ဂီရိုနာ

ဂီရိုနာ ၀ - ၃ ရီးယဲလ်မက်ဒရစ်

နောက်ဆုံးကစားတဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်

ရီးယဲလ်မက်ဒရစ် ဝေး(နိုင်) ဝေး(သရေ) အိမ်(နိုင်)

ဂီရိုနာ အိမ်(နိုင်) ဝေး(ရှုံး) အိမ်(ရှုံး)

ရီးယဲလ်မက်ဒရစ်အသင်းက စပိန်လာလီဂါ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် ချန်ပီယံဆုအတွက် အထိနာခဲ့ရလို့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ မဖြစ်မနေအနိုင်ရလဒ်ရရှိအောင် ပြင်ဆင်ထားမှာပါ။ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလည်း အိမ်ကွင်းမှာ ဂီရိုနာအသင်းကို အနိုင်ရယူဖို့ ခက်ခဲမှာမဟုတ်သလို နောက်ဆုံးကစားတဲ့ သုံးကြိမ်တွေ့ဆုံမှုမှာလည်း ဂိုးပြတ်အနိုင်ရယူထားနိုင်ခဲ့ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ဒီရာသီ စပိန်လာလီဂါ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းမှာလည်း ၁၁ ပွဲကစားပြီးချိန်မှာ ကိုးပွဲအနိုင်ရရှိပြီး တစ်ပွဲသရေရလဒ်နဲ့တစ်ပွဲသာရှုံးနိမ့်လို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ အမ်ဘတ်ပီ၊ ဗင်နီစီးယက်စ်နဲ့ ရိုဒရီဂိုတို့ဦးဆောင်နေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းကို ဂီရိုနာအသင်း ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ရီးယဲလ်မက်ဒရစ်အသင်းက အဆင့်(၂)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့ ရမှတ်တူအနေအထားမှာရှိနေသလို အဆင့်(၃) နေရာက အက်သလက်တီကိုအသင်းထက်လည်း တစ်မှတ်သာအသာစီးမှာရှိနေလို့ ချန်ပီယံဆုအတွက် လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့လိုအပ်နေပါတယ်။

ဂီရိုနာအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေဆက်တိုက်ဆိုးရွားနေပြီး နောက်ဆုံးကစားတဲ့ပြိုင်ပွဲစုံငါးပွဲမှာလည်း တစ်ပွဲသာအနိုင်ရရှိပြီး လေးပွဲရှုံးနိမ့်ခဲ့လို့ အခုပွဲစဉ်မှာလည်း သူတို့အသင်းအတွက် သရေရလဒ်တောင် မျှော်လင့်ချက်မရှိပါဘူး။ ဂီရိုနာအသင်းရဲ့ ခံစစ်ပိုင်းကလည်း အများအယွင်းတွေများနေလို့ အမ်ဘတ်ပီ၊ ဗင်နီစီးယက်စ်နဲ့ ရိုဒရီဂိုတို့ တိုက်စစ်ပိုင်းကိုလည်း ထိန်းချုပ်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ နောက်ပိုင်းတွေ့ဆုံမှုတွေမှာလည်း ဂီရိုနာအသင်း အမြဲတမ်းရုန်းကန်နေရပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းက ခုနစ်ကြိမ်အနိုင်ရရှိထားပြီး ဂီရိုနာအသင်းကတော့ သုံးကြိမ်ပြန်လည်အနိုင်ရရှိခဲ့ကာ သရေရလဒ်တစ်ကြိမ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းရော အိမ်ရှင်အားသာချက်မှာပါ အဘက်ဘက်ကအသာစီးမှာရှိနေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ အနိုင်ရလဒ်က သေချာနေပါတယ်။

ခန့်မှန်းရလဒ်- ရီးယဲလ်မက်ဒရစ် ၃ - ၀ ဂီရိုနာ

## ဘိုင်ယန်မြူးနစ် Vs ဖရန့်ဖတ်

ကစားမည့်ရက်/အချိန်

(၂၃-၂-၂၀၂၃ ည ၁၁:၀၀ နာရီ)

နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဖရန့်ဖတ် ၃ - ၃ ဘိုင်ယန်မြူးနစ်

ဘိုင်ယန်မြူးနစ် ၂ - ၁ ဖရန့်ဖတ်

ဖရန့်ဖတ် ၅ - ၁ ဘိုင်ယန်မြူးနစ်

နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်

ဘိုင်ယန်မြူးနစ် ဝေး(နိုင်) ဝေး(သရေ) အိမ်(သရေ)

ဖရန့်ဖတ် အိမ်(သရေ) ဝေး(သရေ) အိမ်(နိုင်)

အမှတ်ပေးဇယား အဆင့်(၁)နေရာက အသင်းနဲ့ အဆင့်(၃)နေရာကအသင်း ထိပ်တိုက်တွေ့ဆုံတဲ့ပွဲစဉ်ဖြစ်လို့ ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းက အဆင့်(၂)နေရာက လေဗာကူဆင်အသင်းကို ရမှတ် ရှစ်မှတ်ဖြတ်တောက်ထားလို့ ချန်ပီယံဆုအတွက် အလားအလာကောင်းနေတယ်ဆိုပေမယ့် အိမ်ကွင်းဖြစ်နေလို့ အများခံမှာမဟုတ်ပါဘူး။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ဒီရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင်လည်း ၁၁ ပွဲကစားပြီးချိန်မှာ ၁၀ ပွဲအထိ အနိုင်ရရှိပြီး တစ်ပွဲသရေရလဒ်နဲ့ ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်လို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းအကောင်းဆုံးပုံစံမှာရှိနေပြီး အခုပွဲစဉ်မှာလည်း ဖရန့်ဖတ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ပိုင်းမှာ ဟယ်ရီကိန်းပါဝင်ဖို့ မသေချာဘူးဆိုပေမယ့် ဆာနေး၊ အိုလီဆီနဲ့ မူစီအာလာတို့လို ထိပ်တန်းကစားသမားတွေရှိနေလို့ ဂိုးသွင်းအားကောင်းနေဦးမှာပါ။

ဖရန့်ဖတ်အသင်းကလည်း လက်ရှိအချိန်မှာ ရမှတ် ၄၂ မှတ်နဲ့ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ကောင်းနေလို့ ရမှတ်လိုအပ်ချက်တွေရှိနေတယ်ဆိုပေမယ့် အဝေးကွင်းမှာ ဘိုင်ယန်မြူးနစ်အသင်းကို ပွဲချိန်ပြည့်တောင့်ခံကစားနိုင်ဖို့ ခက်ခဲနေမှာပါ။ ဖရန့်ဖတ်အသင်းက နောက်ဆုံးကစားတဲ့ ပြိုင်ပွဲစုံငါးပွဲမှာလည်း ဟူစတိန်ကယ်တစ်သင်းတည်းကိုသာ အနိုင်ရရှိပြီး သုံးပွဲသရေရလဒ်နဲ့ တစ်ပွဲရှုံးနိမ့်ထားလို့ ခြေစွမ်းပိုင်းကတော့ မတည်မငြိမ်ဖြစ်နေပါတယ်။ ဖရန့်ဖတ်အသင်းရဲ့ ဒီရာသီဂျာမန်ဘွန်ဒက်စ်လီဂါ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ ၁၁ ပွဲကစားပြီးချိန်မှာ ငါးပွဲအနိုင်ရရှိပြီး သုံးပွဲသရေရလဒ်နဲ့ သုံးပွဲရှုံးနိမ့်ထားလို့ ပုံမှန်စွမ်းဆောင်ရည်ပိုင်းမှာပဲရှိနေပါတယ်။ ဖရန့်ဖတ်အသင်းတိုက်စစ်ပိုင်းမှာလည်း အဓိက ကစားသမားတစ်ဦးဖြစ်တဲ့ မာမွတ်ကို လက်လွှတ်ခဲ့ရပြီးနောက်ပိုင်းမှာတော့ လိုအပ်ချက်တွေရှိနေလို့ အခုပွဲစဉ်မှာလည်း ဘိုင်ယန်မြူးနစ်အသင်းခံစစ်ပိုင်းကို ကျော်ဖြတ်ဖို့ခက်ခဲနေမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ဘိုင်ယန်မြူးနစ်အသင်းက အကြိမ် ၂၀ အထိအနိုင်ရရှိထားပြီး ဖရန့်ဖတ်အသင်းကတော့ ငါးကြိမ်သာအနိုင်ရရှိခဲ့ကာ ငါးကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ ဘိုင်ယန်မြူးနစ်အသင်းက အပြတ်အသတ်အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်ရော ခြေစွမ်းပိုင်းပါ အသာစီးရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ်- ဘိုင်ယန်မြူးနစ် ၃ -၁ ဖရန့်ဖတ်

### ပရီးမီးယားလိဂ်ပွဲစဉ်(၂၆)

နယူးကာဆယ် - နော်တင်ဟမ်

### စပိန်လာလီဂါပွဲစဉ်(၂၅)

ဘီလ်ဘာအို - ဗယ်လာဒိုးလစ်

ဂီတာဖေးလ် - ဘတ်တစ်

ဆိုစီဒက်စ် - လီဂါနက်စ်

### ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၃)

လိုက်ပဇစ် - ဟီဒန်ဟိန်း

**စည်သူအောင်**



# Space and Technology

## အင်္ဂါဂြိုဟ်သို့ AI နည်းပညာသုံးစက်ရုပ်များစေလွှတ်ရန် အီလွန်မက်ဆန္ဒရှိ


အမေရိကန် စွန့်ဦးတီထွင်သူနှင့် အမေရိကန်အစိုးရစွမ်းဆောင်ရည်ဌာန (DOGE)အကြီးအကဲ အီလွန်မက်သည် လာမည့်နှစ်တွင် အင်္ဂါဂြိုဟ်သို့ ဉာဏ်ရည်တု (AI) နည်းပညာသုံးစက်ရုပ်များအား စေလွှတ်ရန်ဆန္ဒရှိနေကြောင်း သိရသည်။

အင်္ဂါဂြိုဟ်သို့ ၂၆ လလျှင် တစ်ကြိမ် သွားရောက်ရန် ဖြစ်နိုင်သောကြောင့် ၎င်းဂြိုဟ်သို့စေလွှတ်မည့် မစ်ရှင်ကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်ရန် စီစဉ်ထားကြောင်း မက်က ဖေဖော်ဝါရီလ ၁၈ ရက်တွင် ၎င်း၏လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

အခြေအနေအားလုံး အဆင်ပြေချောမွေ့မှုရှိပါက အင်္ဂါဂြိုဟ်သို့အလို အလျောက်ထိန်းချုပ်လုပ်ဆောင်နိုင်သည့် စက်ရုပ်များနှင့် AI နည်းပညာသုံးစက်ရုပ်များအား SpaceX ကုမ္ပဏီမှ Starship အာကာသယာဉ်ဖြင့် စေလွှတ်မည်ဖြစ်သည်။

လူသားများအနေဖြင့် အခြားဂြိုဟ်များ အားဖို့ဖြိုးတိုးတက်စေရန် လုပ်ဆောင်မည်ဆိုပါက ၎င်းဂြိုဟ်များပေါ်တွင် အသက်ရှူနေထိုင်နိုင်သည်ဟု မက်က ယခင်ကတည်းကပြောကြားခဲ့ပြီး အင်္ဂါဂြိုဟ်ပေါ်သို့ လူသားများသွားရောက်၍ အုပ်ချုပ်ရေးထူထောင်ရန် ၎င်းကတိုက်တွန်းခဲ့ဖူးသည်။

**Ref: Ivt**



## တင့်များတွင် ဒရုန်းနည်းပညာကို ပေါင်းစပ်အသုံးပြုနိုင်ရေးအတွက် ရုရှားကြိုးပမ်း




ရုရှားနိုင်ငံသည် တင့်များတွင် ဒရုန်းနည်းပညာများကို ပေါင်းစပ်အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်ဟု ရုရှားနိုင်ငံ၏အကြီးဆုံးတင့်ကားထုတ်လုပ်ရေးကုမ္ပဏီ Uralvagonzavod ကပြောသည်။

ယူကရိန်းပဋိပက္ခအပါအဝင်မျက်မှောက်ခေတ်စစ်ပွဲများတွင် ဒရုန်းများ၏ပိုမိုအရေးပါလာသည့်အခန်းကဏ္ဍကြောင့် ၎င်းဒရုန်းနည်းပညာအား တင့်များတွင် ပေါင်းစပ်အသုံးပြုနိုင်ရန်ကြိုးပမ်းလာခြင်းဖြစ်သည်။

အဆိုပါကြိုးပမ်းမှု၏တစ်စိတ်တစ်ဒေသအဖြစ် Uralvagonzavod ကုမ္ပဏီသည် T-90M Proryv တင့်များအပါအဝင် ရုရှားတင့်များအား အဆင့်မြှင့်တင်လျက်ရှိသည်။ T-90M တင့်များသည် မည်သည့် ရာသီမျိုးတွင်မဆိုဖြစ်ပွားသည့် လက်တွေ့စစ်မြေပြင်တွင်အသုံးပြုနိုင်သောတင့်အဖြစ် စမ်းသပ်ခံနိုင်သည့် ကမ္ဘာ့တစ်မျိုးတည်းသောတင့်ဖြစ်ကြောင်း Sputnik သတင်းဌာနက ဖော်ပြသည်။

ရုရှားနိုင်ငံအနေဖြင့် ဒရုန်းများအား တင့်များနှင့် ပေါင်းစပ်အသုံးပြုရေး ကြိုးပမ်းမှုနှင့်စပ်လျဉ်း၍ အခြားအသေးစိတ်အချက်အလက်များကို ထုတ်ပြန်ထားခြင်းမရှိသော်လည်း တင့်၏ဆုံလည်စနစ်၊ အဝေးမှနေ၍ လက်နက်စနစ်များထိန်းချုပ်နိုင်သည့်စနစ်၊ နောက်ကြည့်ကင်မရာ၊ လေအေးပေးစက်၊ အပြောင်းအလဲလုပ်ဆောင်နိုင်သည့် ထိုင်ခုံများစသည်တို့တွင် အဆင့်မြှင့်တင်လျက်ရှိသည်။

**Ref:Spk**

## လူမှုရေး၊ စီးပွားရေးအသွင်ကူးပြောင်းမှုအတွက် ပါကစ္စတန်က 5G နည်းပညာအသုံးပြုမည်

5G နည်းပညာသည် နိုင်ငံ၏လူမှုစီးပွားရေးအခင်းအကျင်းများကို အသွင်ကူးပြောင်းနိုင်သည့်အလားအလာကောင်းများရှိသောကြောင့်အဆိုပါနည်းပညာအား လူမှုရေး၊ စီးပွားရေးအသွင် ကူးပြောင်းမှုအတွက် ပါကစ္စတန်ကအသုံးပြုမည်ဖြစ်သည်။

5G နည်းပညာသည် နိုင်ငံ၏အင်တာနက်မြန်နှုန်းကို ပိုမိုမြန်ဆန်နိုင်စေသောကြောင့် ပါကစ္စတန်နိုင်ငံသည် ယခုအခါ အလွန်ချိတ်ဆက်မှုရှိသော နိုင်ငံအဖြစ် အသွင်ပြောင်းလဲလာပြီဖြစ်ရာ စက်မှုကဏ္ဍအသွင်ပြောင်းရေးနှင့် နိုင်ငံ့စီးပွားရေးတိုးတက်မှုနှင့် နိုင်ငံ့အနာဂတ်တို့အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပါကစ္စတန်အစိုးရက ဖေဖော်ဝါရီလ ၁၇ ရက်တွင် ထုတ်ပြန်သည်။

ထို့ပြင် ပါကစ္စတန်အစိုးရအနေဖြင့် 5G နည်းပညာက နိုင်ငံအတွင်းရှိကဏ္ဍအားလုံး အပေါ် အကျိုးသက်ရောက်စေရန်အတွက် ဒစ်ဂျစ်တယ်အခြေခံအဆောက်အဦများကို တည်ဆောက်မည်ဖြစ်ပြီး အကောင်းဆုံးသော ကမ္ဘာ့နည်းစနစ်များကို အသုံးပြုမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် ယခုအခါ အမျိုးသား ဒစ်ဂျစ်တယ်မဟာဗျူဟာကို ချမှတ်ဖော်ဆောင်လျက်ရှိပြီး ယင်းမဟာဗျူဟာ၏တစ်စိတ်တစ်ဒေသအဖြစ် e-Pakistan၊ အီလက်ထရွန်နစ်ဝန်ဆောင်မှုများကိုတိုးချဲ့ဖော်ဆောင်ခြင်း၊ Smart ပါကစ္စတန်ကဲ့သို့သော ကနဦးဆောင်ရွက်မှုများဖြင့် နိုင်ငံအား ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲလျက်ရှိသည်။




ထို့ပြင် 5G နည်းပညာသည် ပါကစ္စတန်နိုင်ငံ၏ စိုက်ပျိုးရေးနှင့်ကျန်းမာရေးကဏ္ဍများတွင်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ **Ref: Iips, Xinhua**




## အစ္စရေးဓားစာခံငါးဦးအား ဟားမက်အဖွဲ့ကပြန်လည်လွှဲပြောင်းပေး

**ဂါဇာစီးတီး၊ အကျဉ်းသားလဲလှယ်ရေး**

ပါလက်စတိုင်းမှ ဟားမက်အဖွဲ့က အစ္စရေးဓားစာခံငါးဦးအား ဖေဖော်ဝါရီလ ၂၂ ရက်တွင် နိုင်ငံတကာကြက်ခြေနီအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

ဟားမက်အဖွဲ့သည် ဓားစာခံသုံးဦးအား ဂါဇာဒေသအလယ်ပိုင်းရှိ အယ်နူဆေရက်ဒုက္ခသည်စခန်း၌ ပြန်လည်လွှဲပြောင်းပေးခြင်းဖြစ်ပြီး အခြားနှစ်ဦးကို ရာဖာမြို့၌ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်က အတည်ပြုထားသည်။

ဓားစာခံလွှဲပြောင်းခြင်းကို ဟားမက်နှင့်အစ္စရေးတို့ကြား ယခုနှစ် ဇန်နဝါရီလ ၁၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ လုပ်ဆောင်ခြင်းဖြစ်ပြီး ဟားမက်အဖွဲ့အနေဖြင့် လာမည့်ရက်သတ္တပတ်အတွင်း၌ အစ္စရေးဓားစာခံ ၃၃ ဦးကို ထပ်မံလွှတ်ပေးမည်ဖြစ်ပြီး အစ္စရေးနိုင်ငံကလည်း အပြန်အလှန်အားဖြင့် ပါလက်စတိုင်းအကျဉ်းသား ၁၅၀၀ ကျော်ကို ပြန်လွှတ်ပေးမည်ဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

# ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံက မှားယွင်းမှုမရှိဟု ဒေါနယ်ထရမ့်ပြော

ဝါရှင်တန်၊ စစ်ရေး

ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံက မှားယွင်းမှုမရှိကြောင်း အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က ပြောကြားခဲ့ကြောင်းသိရသည်။

လက်ရှိဆက်လက်ဖြစ်ပွားနေသည့် ယူကရိန်းလက်နက်ကိုင်ပဋိပက္ခတွင် ရုရှားနိုင်ငံက မှားယွင်းခြင်းမရှိဘဲ ယင်းပဋိပက္ခနှင့် စပ်လျဉ်း၍ ယူကရိန်းသမ္မတ ဇီလန်စကီနှင့် ယခင်အမေရိကန် သမ္မတဟောင်း ဂျိုးဘိုင်ဒင်တို့ကိုသာ အပြစ်တင်ရမည်ဖြစ်ကြောင်း ထရမ့်က ဖေဖော်ဝါရီလ ၂၁ ရက်တွင် Fox News ရေဒီယိုနှင့် လုပ်ဆောင်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားသည်။

ထို့ပြင် ဂျိုးဘိုင်ဒင်နှင့် ဇီလန်စကီတို့သည် မှားယွင်းသည့်အကြောင်းအရာများ




ကိုသာ ပြောဆိုခဲ့ပြီး ၎င်းတို့အနေဖြင့် စစ်ပွဲကိုရှောင်ရှားနိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် အလွယ်တကူ ဆွေးနွေးနိုင်ခဲ့သော်လည်း ဆွေးနွေးခဲ့ခြင်းမရှိကြောင်း ထရမ့်က ဆက်လက်ပြောကြားသည်။

ထိုသို့ ဆွေးနွေးခဲ့မည်ဆိုပါက ရုရှားသမ္မတ ဗလာဒီမာပူတင်အနေဖြင့် ယူကရိန်းပဋိပက္ခကို စတင်ရန်အကြောင်းရင်း မရှိကြောင်းနှင့် ယူကရိန်းစစ်ပွဲမှာလည်း ဖြစ်လာစရာအကြောင်းမရှိဟု ထရမ့်က ပြောကြားခဲ့ကြောင်းသိရသည်။

**Ref: Tass**

# ဟရိဘုရင် ဒုတိယမြောက် သုမို့၏ ဂူသချိုင်းသစ်တစ်ခုကို နှစ်ပေါင်း ၁၀၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် တူးဖော်တွေ့ရှိ



**ကိုင်ရိ၊ ယဉ်ကျေးမှုအမွေအနှစ်**

အီဂျစ်ဖာရိဘုရင် ဒုတိယမြောက် သုမို့၏ ဂူသချိုင်းသစ်တစ်ခုကို နှစ်ပေါင်း ၁၀၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် အီဂျစ်နိုင်ငံတောင်ပိုင်းတွင် တွေ့ရှိခဲ့ကြောင်းသိရသည်။

အဆိုပါ ဂူသချိုင်းအား လူဇာပြည်နယ်တွင် အီဂျစ်နှင့် ဗြိတိန် ရှေးဟောင်းသုတေသနပညာရှင်များအဖွဲ့က တူးဖော်ရေးလုပ်ဆောင်စဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ တိမ်မြုပ်နေသည့် ၎င်းဂူသချိုင်းအား ရှာဖွေတွေ့ရှိခြင်းသည် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း ဖာရိဘုရင်၏ ဂူသချိုင်း သစ်တစ်ခုအား ပထမဆုံးအကြိမ်အဖြစ် တူးဖော်တွေ့ရှိခြင်းဖြစ်ကြောင်း ဗြိတိန် အခြေစိုက် မီဒီယာတစ်ခုတွင် ပြီးခဲ့သည့် ရက်သတ္တပတ်အကုန်ပိုင်း၌ ဖော်ပြသည်။ အီဂျစ်ဘုရင်တစ်ပါး၏ ဂူသချိုင်းကို နောက်ဆုံးအကြိမ်အဖြစ် ၁၉၂၂ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပညာရှင်များသည် အီဂျစ်ဖာရိဘုရင် ဒုတိယမြောက် သုမို့နှင့် ၎င်း၏ကြင်ရာတော် ဘုရင်မဟက်ရှက်ဆွတ်တို့၏ အမည်တို့ကို ရေးသားဖော်ပြထားသည့် စကျင်ကျောက်ဖြူကိုတွေ့ရှိရာမှ သုမို့ဘုရင်၏ ဂူသချိုင်းဖြစ်ကြောင်းကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

သို့သော် အဆိုပါဒေသတွင် ရေကြီးမှုများဖြစ်ပွားခြင်းကြောင့် ဘုရင်၏ ဂူသချိုင်းမှာ ယိုယွင်းလျက်ရှိရာ လက်ရှိတွင် ပညာရှင်များက တူးဖော်မှုများကိုဆက်လက် လုပ်ဆောင်လျက်ရှိသည်။

ဖာရိဘုရင် ဒုတိယမြောက် သုမို့သည် အီဂျစ်နိုင်ငံအား ၁၄၉၃ ဘီစီ မှ ၁၄၇၉ ဘီစီ အထိ အုပ်ချုပ်ခဲ့သည်ဟု ယူဆရပြီး ၎င်း၏ ကြင်ရာတော် ဘုရင်မ ဟက်ရှက်ဆွတ် ကမူ ၁၄၅၈ ဘီစီခန့်တွင် သေဆုံးခဲ့ကြောင်း သိရသည်။

**Ref: Ivt**

# နိုင်ငံတကာသတင်းတိုကလွှာ

## ယူကရိန်းထောက်လှမ်းရေးအဖွဲ့၏စီစဉ်မှုဖြင့် နိုင်ငံအတွင်း အကြမ်းဖက်မှုများလုပ်ဆောင်ရန် ကြိုးပမ်းခဲ့သည့် နိုင်ငံသားရှစ်ဦးကို ရုရှားကပြစ်ဒဏ်များချမှတ်

ယူကရိန်းထောက်လှမ်းရေးအဖွဲ့၏ စီစဉ်မှုဖြင့် ရုရှားနိုင်ငံအတွင်း အဖျက်အမှောင့်နှင့် အကြမ်းဖက်မှုများလုပ်ဆောင်ရန်ကြိုးပမ်းခဲ့သည့် ရုရှားနိုင်ငံသား ရှစ်ဦးကို ရုရှားနိုင်ငံက ပြစ်ဒဏ်များချမှတ်ခဲ့ကြောင်းသိရသည်။

ပြစ်ဒဏ်ချမှတ်ခံရသည့် ရုရှားနိုင်ငံသားများအား ယူကရိန်းထောက်လှမ်းရေးအဖွဲ့က အွန်လိုင်းမှတစ်ဆင့် ငွေကြေးဖြင့် စည်းရုံးခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ၎င်းတို့သည် ယူကရိန်း ထောက်လှမ်းရေး၏ အစီအမံဖြင့် ရုရှားနိုင်ငံအတွင်းရှိ ဒေသ ၆ ခုတွင် အဓိကအရေးပါသည့် သယ်ယူပို့ဆောင်ရေးနှင့် စေတနာ့ဝန်ထမ်းလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများကို မီးရှို့တိုက်ခိုက်ခဲ့ပြီး ရုရှားတပ်မတော်၏ စစ်စခန်းနှင့် စစ်ဘက်အဆောက်အအုံများကို အဓိကပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်ခဲ့ကြောင်းသိရသည်။

ဖမ်းဆီးခံရသူများအနက် တစ်ဦးက ၎င်းအနေဖြင့် ရုရှားလေကြောင်းရန် ကာကွယ်ရေးစနစ်အား မီးရှို့ရန်စေခိုင်းခံခဲ့ရသည်ဟု ဝန်ခံထားသည်။ ၎င်းတို့အားလုံးကို ရုရှားအာဏာပိုင်အဖွဲ့က ထောင်ဒဏ်အသီးသီးချမှတ်ခဲ့ပြီး အချို့ကို ထောင်ဒဏ် ၂၂ နှစ်အထိ ချမှတ်ခဲ့ကြောင်းသိရသည်။

**Ref: SputnikInt**

## ဥရောပမြို့ကြီးတချို့တွင် အကြမ်းဖက်မှု လုပ်ဆောင်ရန်တိုက်တွန်းထားသည့် ဝက်ဆိုက်ကို IS စစ်သွေးကြွအဖွဲ့တည်ထောင်

IS စစ်သွေးကြွအဖွဲ့သည် ဥရောပမြို့ကြီးတချို့တွင် အကြမ်းဖက်မှုလုပ်ဆောင်ရန် တိုက်တွန်းထားသည့် ဝက်ဆိုက်တစ်ခုကို တည်ထောင်လိုက်ကြောင်း Bild သတင်းစာက ဖော်ပြသည်။

စစ်သွေးကြွအဖွဲ့သည် ဂျာမနီ၊ ဩစတြီးယားနှင့် ဘယ်ဂျီယံနိုင်ငံများရှိ မြို့ကြီးတချို့တွင် အကြမ်းဖက်မှုများလုပ်ဆောင်ရန် တိုက်တွန်းနိုင်ရေးအတွက် ဂျာမန်ဘာသာဖြင့် ရေးသားထားသည့် ဝက်ဆိုက်ကို တည်ထောင်ခြင်းဖြစ်သည်။ ထို့ပြင် စစ်သွေးကြွအဖွဲ့သည် ဘာလင်၊ မြူးနစ်၊ ဖရန့်ဖတ်၊ ဗီယင်နာ၊ဘရပ်ဆဲ၊ အန်သဝ့်နှင့် ဆားဘ့် စသည့်မြို့ကြီးများတွင် လမ်းသွားလမ်းလာများအား မော်တော်ကားဖြင့် ဝင်တိုက်ရန်တိုက်တွန်းထားကြောင်းသိရသည်။

ထို့ကြောင့် ဂျာမနီ၊ ဩစတြီးယားနှင့် ဘယ်ဂျီယံနိုင်ငံများမှ အာဏာပိုင်အဖွဲ့များက စစ်သွေးကြွအဖွဲ့၏ ဝါဒဖြန့်ချိရေးဝက်ဆိုက်အပေါ် အရေးတယူ လုပ်ဆောင်လျက်ရှိသည်။

IS စစ်သွေးကြွအဖွဲ့သည် အန္တရာယ်ကြီးမားသည့် မဟာဗျူဟာတစ်ရပ်ကို ဖော်ဆောင်လျက်ရှိပြီး တစ်ကိုယ်တော် တိုက်ခိုက်ရေးသမားများကို ဆွဲဆောင်စည်းရုံး၍ ၎င်းတို့အားအစွန်းရောက် ဝါဒများ သွတ်သွင်းပေးပြီးနောက် ၎င်းတို့၏နိုင်ငံများသို့ ပြန်လည်စေလွှတ်ပြီး အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်စေလျက်ရှိကြောင်း သိရသည်။

**Ref: Tass**

# တူကီယဲတွင် နှင်းမုန်တိုင်းကြောင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ပြတ်တောက်သွားပြီး စာသင်ကျောင်းများကိုလည်း ပိတ်ပစ်ခဲ့ရ

**အစ္စတန်ဘူ၊ သဘာဝဘေး**

တူကီယဲနိုင်ငံ အစ္စတန်ဘူမြို့တွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများပြတ်တောက်သွားပြီး စာသင်ကျောင်းများကိုလည်း ပိတ်ပစ်ခဲ့ရကြောင်း သိရသည်။

နှင်းမုန်တိုင်းသည် အစ္စတန်ဘူမြို့၌ ဖေဖော်ဝါရီလ ၂၀ ရက်မှစတင်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မြို့အတွင်းရှိ စာသင်ကျောင်းများကို နှစ်ရက်ဆက်တိုက်ပိတ်ထားခဲ့ရကြောင်း၊ နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အပူချိန်သည် ဖေဖော်ဝါရီလ ၂၁ ရက်တွင် ပိုမိုကျဆင်းခဲ့ပြီး ဆီးနှင်းများကျဆင်းမှုမှာလည်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာခဲ့သည်။

မြို့အတွင်း ဆီးနှင်းများကျဆင်းမှုကြောင့် မော်တော်ဆိုင်ကယ်စီးနင်းခြင်းကို တားမြစ်ထားကြောင်း အစ္စတန်ဘူမြို့တော်ဝန် ဒါဗွက်ဂူးကပြောသည်။ ဆီးနှင်းကျဆင်းမှုကြောင့် အိမ်ခြေမဲ့ ၁၀၀၀ ကျော်အား ယာယီခိုနားဆောင်များသို့ ပို့ဆောင်ထားကြောင်းသိရသည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုသည် လာမည့် ရက်သတ္တပတ်အစောပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး အပူချိန်မှာလည်း သုညဒီဂရီအောက်သို့ ကျဆင်းနိုင်ကြောင်း အာဏာပိုင်အဖွဲ့က ခန့်မှန်းထားသည်။ **Ref: Xinhua**






**ပြောက်ဆုံးကြောင်း**

ခင်မာလာထွန်း(ဘ)ဦးထွန်းသိန်း ၉/နထက (နိုင်)၁၆၂၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 345939)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၄၉၄၀၄၇

**ပြောက်ဆုံးကြောင်း**

ဦးဝင်းမြင့်(ဘ)အာရုဏ်ဝါသမ ၁၂/သကတ(နိုင်) ၁၁၇၂၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၀၅၃၂၂၇

**ပြောက်ဆုံးကြောင်း**

မောင်လှရွှေ(ဘ)ဦးလောက်အေ ၁၃/လရန (နိုင်)၁၉၁၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၀၅၃၂၂၇

**ပြောက်ဆုံးကြောင်း**

သူသူစိုး(ဘ)ဦးကျော်ထွန်း ၁၂/ဒဂတ(နိုင်) ၀၇၇၅၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 504281)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉၉၆၅၃၃၁၀၄၃

**ပြောက်ဆုံးကြောင်း**

အေးအေးဆင့်(ဘ)ဦးမြသောင်း ၁၂/သလန (နိုင်)၀၀၆၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၀၈၂၃၁၄

**ပြောက်ဆုံးကြောင်း**

နိုင်ထွန်း(ဘ)ဦးဇော်နိုင် ၅/တဆန(နိုင်) ၁၅၇၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 186784)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၉၄၅၅၂

**ပြောက်ဆုံးကြောင်း**

ဦးကံလှ(ဘ)ဦးဘခွေး ၁၂/လမန(နိုင်) ၀၅၁၄၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 856625)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၇၂၂၉၇၃

**ပြောက်ဆုံးကြောင်း**

ဒေါ်ကျင်(ဘ)ဦးတန်အိမင်း(ခ)ကျော်စိန် ၁၂/တကန(နိုင်)၀၇၈၄၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၆၂၃၁၀၆၅

**ပြောက်ဆုံးကြောင်း**

နန်းခမ်းလီ(ဘ)ဦးစိုင်းစံပွင့် ၁၃/သနန(နိုင်) ၀၄၄၀၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 854113)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၄၃၁၀၉၃

**ပြောက်ဆုံးကြောင်း**

ခိုဝိမီးမီးငယ်(ဘ)ဦးပန်းရင် ၁၂/သကတ(နိုင်) ၁၉၀၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၆၄၆၅၉

**ပြောက်ဆုံးကြောင်း**

ထက်အောင်(ဘ)ဦးမိုးကျော်၁၂/ဥကတ(နိုင်) ၁၈၃၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 225277)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၅၂၅၆၅၇၀

**ပြောက်ဆုံးကြောင်း**

ဖြိုးမင်းသူ(ဘ)ဦးဝင်းညွှန့် ၉/ခမစ(နိုင်) ၀၁၅၀၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၃၀၂၆၈၈

**ပြောက်ဆုံးကြောင်း**

ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ အ.ထ.က(ခွဲ)-၆၀ကျောင်း Grade-3 အတန်းမှ မအိမ်မှူးဝါနှင့် Grade-7 အတန်းမှ မသင်းဒါလီဖြိုးတို့၏ဖခင်အမည်မှန်မှာ ဖ/တသရ(နိုင်) ၀၃၀၇၅၅ ကိုင်ဆောင်သူ ဦးဆိုင်းအောင် ဖြစ်ပါကြောင်း။ ဦးဆိုင်းအောင်

**ပြောက်ဆုံးကြောင်း**

မြသစ်မြို့နယ်၊ မကြီးကုန်းလေးရွာနေ မသီတာဝင်း(ဘ)ဦးရွှေဒေါင်း ၈/မသန(နိုင်)၁၀၁၃၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၄၆၃၃၈

**ပြောက်ဆုံးကြောင်း**

မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ အမှတ်(၅)နေ ကျော်ကျော်ဝင်း(ဘ) ဦးဝင်းစိန် ၉/မကန(နိုင်)၀၀၇၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၆၇၃၁၃၇

**ပြောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ မင်းကုန်းအုပ်စု၊ မင်းကုန်းကြီးကျေးရွာနေ မောင်အောင်မျိုးမြင့်(ဘ)ဦးလှဌေး ၁၄/ပဒန(နိုင်)၂၃၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 009743)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

**ပြောက်ဆုံးကြောင်း**

မောင်ကိုကိုမောင်(ဘ)ဦးဇူလန်မာမက် ၈/ရနခ(နိုင်)၁၃၅၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 781793)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၇၀၂၈၇

**ပြောက်ဆုံးကြောင်း**

စနေမောင်မောင်(ဘ)ဦးအောင်လှိုင် ၉/ပတန (နိုင်)၁၇၆၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၁၀၄၀၃၅၀

**ပြောက်ဆုံးကြောင်း**

နီနီလွင်(ဘ)ဦးစိုးမြင့် ၁၀/ကထန(နိုင်) ၀၉၀၁၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

**ပြောက်ဆုံးကြောင်း**

ဝသုံစံ(ဘ)ဦးစံမြင့် ၁၂/ကမတ(နိုင်) ၀၇၄၇၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 962696)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၈၉၅၆၇၉

**ပြောက်ဆုံးကြောင်း**

သောင်းခိုင်ဝင်း(ဘ)ဦးမောင်ကြိုင် ၈/နမန (နိုင်)၁၁၃၂၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၅၁၁၇၇

**ပြောက်ဆုံးကြောင်း**

မေသွာဦး(ဘ)ဦးဘိုရီ ၇/ပမန(နိုင်) ၁၈၈၁၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၀၅၃၂၂၇

**ပြောက်ဆုံးကြောင်း**

ဒေါ်မာလာထွန်း(ဘ)ဦးထွန်းသိန်း ၉/နထက (နိုင်)၁၆၂၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 345939)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၄၉၄၀၄၇

**ပြောက်ဆုံးကြောင်း**

ဦးဝင်းမြင့်(ဘ)အာရုဏ်ဝါသမ ၁၂/သကတ(နိုင်) ၁၁၇၂၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၀၅၃၂၂၇

**ပြောက်ဆုံးကြောင်း**

မောင်လှရွှေ(ဘ)ဦးလောက်အေ ၁၃/လရန (နိုင်)၁၉၁၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၀၅၃၂၂၇

# တရားမဝင် သစ်မျိုးစုံ၊ ခဲသတ္တုများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၂၀ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့၊ အမှတ် (၁၅) ရပ်ကွက်၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)** ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဖေဖော်ဝါရီလ ၂၁ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Fuso Canter (၁)စီးနှင့် Nissan X-Trail (၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်၊ မာရမ်းဒေသ၌ တရားမဝင် ခဲသတ္တုကြမ်း (၅) ဒသမ ၆)ကီလိုဂရမ်နှင့် ဆက်စပ်ပစ္စည်း (၄)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၂၉၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၀၂၀၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင် တိုးဂိတ်အနီး၌ သထုံမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၈၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဘုရားကြီးမြို့၊ အမှတ်(၃) ရပ်ကွက်၊ ကန်သာယာပန်းခြံအနီး၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၄၀၄)တန်၊ သစ်မာ(သုည ဒသမ ၂၇၂)တန်၊ အခြားသစ်(၁ ဒသမ ၁၆၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၁၅၃၂၂)ကို သစ်တော ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၄၃၁၅၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သထုံမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၇၄၄၀၄၈၂)**ကို ဖမ်းဆီးရမိခဲ့သည်။ ထို့ကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

❖ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ် . . .

❖ နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ ပို့ကုန်များပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်. . .

❖ ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလို. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟုသုတနှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး H.E. Maxim RESHETNIKOV ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စီးပွားရေးနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး H.E. Maxim RESHETNIKOV ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး H.E. Maxim RESHETNIKOV ဦးဆောင်သည့်အဖွဲ့ဝင်များက ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြားကောင်းမွန်သည့်ဆက်ဆံရေးနှင့် **စာမျက်နှာ ၁၇ ကော်လံ ၁ ❍**

